ရှမ်းပြည်နယ်လွှတ်တော်
လွှတ်တော်သတင်းလွှာ
ShanState Hluttaw Bulletin

၁၃၈၁ ခု နှစ် ၊ တပို့တွဲလပြည့်ကျော် (၉) ရက်၊ ၁၇. ၂. ၂၀၂၀၊ အတွဲ (၁)၊ အမှတ် (၂၀)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးဝင်းမြင့်၏ တွေ့ဆုံပွဲ အခမ်းအနား တက်ရောက်




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ပြည်ထောင်စုဝန်ကြီးများသည် (၆.၂.၂၀၂၀)ရက်နေ့၊ နံနက်ပိုင်းတွင် ဟဲဟိုးလေဆိပ်သို့ ရောက်ရှိခဲ့ရာ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာလင်းထွဋ်၊ရှမ်းပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြပါသည်။

ထို့နောက် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်နှင့် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်တို့သည် နံနက် (၀၉:၃၀)နာရီတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည့် နိုင်ငံတော်သမ္မတနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်များမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ပါသည်။



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးဝင်းမြင့် (၇၃)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနား တက်ရောက်



မောင်မောင်သန်း(ပြန်/ဆက်)

(၇၃)နှစ်မြောက်ရှမ်းပြည်နယ်နေ့အခမ်းအနားကို(၇.၂.၂၀၂၀)ရက်နေ့နံနက်(၀၈း၃၀)နာရီတွင်တောင်ကြီးမြို့ရှိ အဝေရာမီးပုံးပျံကွင်း၌ ကျင်းပရာ အဆိုပါ အခမ်းအနားသို့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်သည် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကြွယ်ကြွယ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇေယျကျော်ထင်လင်းအောင်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများတို့နှင့်အတူတက်ရောက်ကာ အခမ်းအနားကို ဖဲကြိုး ဖြတ်ဖွင့်လှစ်ပေးခဲ့ပါသည်။



မောင်မောင်သန်း(ပြန်/ဆက်)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးဝင်းမြင့် (၇၃)နှစ်မြောက် ရှမ်းပြည်နယ်နေ့ ဂုဏ်ပြုညစာစားပွဲအခမ်းအနား တက်ရောက်




(၇၃)နှစ်မြောက် ရှမ်းပြည်နယ်နေ့ ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို (၇.၂.၂၀၂၀)ရက်နေ့ ညပိုင်းအချိန်တွင် တောင်ကြီးမြို့ရှိ အဝေရာမီးပုံးပျံကွင်း၌ ကျင်းပရာ အဆိုပါအခမ်းအနားသို့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်သည် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကြွယ်ကြွယ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇေယျကျော်ထင်လင်းအောင်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများနှင့်အတူတက်ရောက်ခဲ့ပါသည်။





# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနား တက်ရောက်




(၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို (၁၂.၂.၂၀၂၀)ရက်နေ့ နံနက်ပိုင်းတွင် ပင်လုံမြို့ရှိ လွတ်လပ်ရေးကျောက်တိုင်၌ကျင်းပရာ အဆိုပါအခမ်းအနားသို့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်သည် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကြွယ်ကြွယ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများနှင့်အတူတက်ရောက်ခဲ့ပါသည်။ ဆက်လက်၍ အဆိုပါ ညပိုင်းတွင်တောင်ကြီးမြို့ရှိ အဝေရာကုန်းမြင့်သာယာ၊ မီးပုံးပျံကွင်း၌ ကျင်းပပြုလုပ်သော ပြည်ထောင်စုနေ့အထိမ်းအမှတ် ညစာစားပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ပါသည်။






# ရှမ်းပြည်နယ်(အရှေ့ပိုင်း) တိုင်းရင်းသားယဉ်ကျေးမှုအကအဖွဲ့များအား ရှမ်းပြည်နယ်လွှတ်တော်မှ ညစာတည်ခင်းဧည့်ခံသည့် အခမ်းအနားကျင်းပ



ရှမ်းပြည်နယ်(အရှေ့ပိုင်း) တိုင်းရင်းသားယဉ်ကျေးမှုအကအဖွဲ့များအား ရှမ်းပြည်နယ်လွှတ်တော်မှ ညစာတည်ခင်းဧည့်ခံသည့် အခမ်းအနားကို (၈.၂.၂၀၂၀)ရက်နေ့ ညပိုင်းအချိန်တွင် ရှမ်းပြည်နယ်လွှတ်တော်ရုံး သံလွင်ခန်းမ၌ ကျင်းပရာ အဆိုပါအခမ်းအနားသို့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်သည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်တို့နှင့်အတူ တက်ရောက်ကာ အဆိုပါတိုင်းရင်းသားယဉ်ကျေးမှုအကအဖွဲ့ အသီးသီးအား ဆုငွေများပေးအပ်ချီးမြှင့်ခဲ့ပါသည်။





# ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင် ရှမ်းပြည်နယ်စိုက်ပျိုးရေးစုံညီပွဲတော် အခမ်းအနား တက်ရောက်



မောင်မောင်သန်း(ပြန်/ဆက်)

ရှမ်းပြည်နယ် စိုက်ပျိုးရေးစုံညီပွဲတော် အခမ်းအနားကို (၂၂.၁၂.၂၀၁၉)ရက်နေ့ နံနက်(၁၀)နာရီတွင် ကလောမြို့နယ် အင်းခေါင်းကျေးရွာ၊ ဟဲဟိုးခြံတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ အခမ်းအနားသို့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်သည် ဒုတိယသမ္မတ(၂) ဦးဟင်နရီဗန်ထီးယူနှင့်စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဒေါက်တာအောင်သူ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကြွယ်ကြွယ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများနှင့်အတူတက်ရောက်ကာ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပါသည်။


မောင်မောင်သန်း(ပြန်/ဆက်)


မောင်မောင်သန်း(ပြန်/ဆက်)

# ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင် ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ရသုံးခန့်မှန်းခြေ ငွေစာရင်းဆိုင်ရာ အချက်အလက်များစာစောင် (Citizen's Budget) မိတ်ဆက်အခမ်းအနား တက်ရောက်



၂၀၁၉-၂၀၂၀ခု၊ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ရသုံးခန့်မှန်းခြေ ငွေစာရင်းဆိုင်ရာ အချက်အလက်များ စာစောင် မိတ်ဆက်အခမ်းအနားကို ဇန်နဝါရီလ (၁၅)ရက် နံနက်(၉)နာရီတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ပါသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်ကအဖွင့် အမှာစကားပြောကြားရာ ရှမ်းပြည်နယ်၏ ဘတ်ဂျက်ကို ပြည်သူများသိရှိပြီး လေ့လာသုံးသပ်နိုင်ရန်အတွက် ဘတ်ဂျက်ပွင့်လင်းမြင်သာမှုဆိုင်ရာ စာစောင်ထုတ်ဝေပြီး ပြည်သူများအား ဘတ်ဂျက်လုပ်ငန်းစဉ်၊ စီမံကိန်းလုပ်ငန်းများအား တင်ပြလာခဲ့ရာ (၂)နှစ်ရှိပြီ ဖြစ်သည့်အတွက်များစွာ ဂုဏ်ယူမိပါကြောင်း၊ ပွင့်လင်းမြင်သာပြီး ထိရောက်ကောင်းမွန်သော ပြည်သူ့ဘဏ္ဍာဖြစ်လာစေဖို့အတွက် မိမိတို့ လွှတ်တော်ဘက်မှလည်း ဘဏ္ဍာငွေစိစစ်ရေးလုပ်ငန်းစဉ်မှာ အကောင်းဆုံးပူးပေါင်းပါဝင်လျက်ရှိပါကြောင်း၊ မိမိတို့ ပြည်သူ့ကိုယ်စားလှယ်တွေအနေဖြင့် ပြည်သူ့ဘဏ္ဍာများသုံးစွဲမှုမှာ ထိရောက်အကျိုးရှိစေဖို့ ဘတ်ဂျက်ထိန်းကျောင်းစိစစ်ရေး လုပ်ငန်းများကိုအားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ပြည်သူ့ဘဏ္ဍာသုံးစွဲမှုနှင့်စပ်လျဉ်းပြီး အစိုးရအဖွဲ့ရဲ့ လုပ်ဆောင်ချက်များကို မိမိတို့ပြည်သူ့ကိုယ်စားလှယ်များဖြစ်ကြသည့် လွှတ်တော် ကိုယ်စားလှယ်များနှင့်အတူ ပြည်သူတစ်ရပ်လုံးကလည်း နိုင်ငံသားတာဝန်တစ်ရပ် အနေဖြင့် ပူးပေါင်းပါဝင်ကြစေလိုကြောင်း ပြောကြားခဲ့ပါသည်။

အဆိုပါ အခမ်းအနားသို့ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ်လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်နန်းမိုခမ်းနှင့် ဝန်ထမ်းများ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အာရှဖောင်ဒေးရှင်းမှ တာဝန်ရှိသူများ၊ Reniaissance Institute မှ တာဝန်ရှိသူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြပါသည်။

# ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး H.E Mr.Scot Marciel နှင့် တာဝန်ရှိသူများအား လက်ခံတွေ့ဆုံ



ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်ကြီး H.E Mr.Scot Marciel ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ဇန်နဝါရီလ ၂၃ ရက် နံနက်(၁၀:၃၀)နာရီတွင် ရှမ်းပြည်နယ်လွှတ်တော်ရုံးဧည့် ခန်းမ၌ လက်ခံတွေ့ဆုံခဲ့ပါသည်။

ထိုသို့လက်ခံတွေ့ဆုံရာတွင် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် သံအမတ်ကြီးတို့သည် နှစ်နိုင်ငံရွေးကောက်ပွဲစနစ်ဆိုင်ရာကိစ္စရပ်များ၊ ရှမ်းပြည်နယ်လွှတ်တော်၏ လွှတ်တော်ဆိုင်ရာလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပါသည်။

အဆိုပါတွေ့ဆုံပွဲသို့ ရှမ်းပြည်နယ်လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်နန်းမိုခမ်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။





# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကျင်းပ



ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန် အစည်းအဝေးကို (၁၆-၁၂-၂၀၁၉) ရက်နေ့ မှ (၂၀-၁၂-၂၀၁၉) ရက်နေ့အထိ (၅) ရက် ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါအစည်းအဝေးသို့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ လေ့လာသူများ တက်ရောက်ခဲ့ကြပါသည်။ အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ရှမ်းပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်နန်းမိုခမ်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဟန်သီဦးတို့က ဆောင်ရွက်ပါသည်။

အစည်းအဝေးတွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားခြင်းနှင့် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်လွှတ်တော်သို့ မိန့်ခွန်းပြောကြားခြင်း၊ လွှတ်တော်ကိုယ်စားလှယ် (၃၅)ဦးတို့၏ ကြယ်ပွင့်ပြမေးခွန်း(၆၄)ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်းကို ဆောင်ရွက်ခဲ့ပြီး၊ အဆို(၃)ခု တင်သွင်းခဲ့ရာ အဆို(၁)ခုကို အတည်ပြု၍ (၂)ခုကို မှတ်တမ်းတင်ခဲ့ပါသည်။ ဥပဒေပြုရေးဆိုင်ရာကော်မတီမှ ရှမ်းပြည်နယ်သဘာဝ ရေထွက်တော၊ ရေထိန်းတောထိန်းသိမ်းကာကွယ်ရေး ဥပဒေ(မူကြမ်း)၊ ရှမ်းပြည်နယ်လမ်းများ၊ တံတားများ ဥပဒေ(မူကြမ်း)၊ ရှမ်းပြည်နယ်အလတ်စားနှင့် အသေးစားလျှပ်စစ်ဓါတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးဆိုင်ရာ ဥပဒေ(မူကြမ်း)နှင့် အင်းလေးကန်ဒေသထိန်းသိမ်းကာကွယ်ရေးဥပဒေ(မူကြမ်း)တို့နှင့် စပ်လျဉ်း၍ အစီရင်ခံစာဖတ်ကြားတင်ပြခဲ့ပြီး လွှတ်တော်ကအတည်ပြုခဲ့ပါသည်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း) နှင့် ရှမ်းပြည်နယ်မြေယာခွန်ဥပဒေ(မူကြမ်း)တို့အား တင်သွင်းခဲ့ပါသည်။ ရှမ်းပြည်နယ်လွှတ်တော် ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၊ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီနှင့် ရှမ်းပြည်နယ်လွှတ်တော် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီတို့က ကော်မတီ၏အစီရင်ခံစာ အသီးသီးကို လွှတ်တော်သို့ဖတ်ကြားတင်ပြခြင်း၊ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်ရုံးမှ ၂၀၁၈ခုနှစ် (ဧပြီလမှ စက်တင်ဘာလထိ) လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြခြင်းနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များအပါအဝင် လွှတ်တော်လုပ်ငန်းဆိုင်ရာ ရှင်းလင်းတင်ပြခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

# ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်က နှုတ်ခွန်းဆက်စကားပြောကြားခြင်း




ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနဲ့ အစည်းအဝေး(ပထမနေ့)သို့ တက်ရောက်လေ့လာသူ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အစည်းအဝေးရပ်နားချိန်ကာလအတွင်း မိမိတို့ မဲဆန္ဒနယ်အသီးသီးသို့ ကွင်းဆင်းဆောင်ရွက်ရာမှာ မိမိတို့ဒေသရှိ ပြည်သူများအတွက် အကျိုးဖြစ်ထွန်းစေမယ့် တွေ့ရှိချက်နှင့် လိုအပ်ချက်များကို ဒီလွှတ်တော်အစည်းအဝေးကြီးမှာ မေးခွန်းများနဲ့ အဆိုများအဖြစ် မေးမြန်းဆွေးနွေးကြပြီး ပြည်သူတစ်ရပ်လုံးရဲ့ ဆန္ဒကို လွှတ်တော်ရဲ့ဆန္ဒအဖြစ် ဖြည့်ဆည်းဆောင်ရွက်နိုင်ကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သလိုက်ပါတယ်။

ဒီလွှတ်တော်အစည်းအဝေးမှာ လွှတ်တော်ကိုယ်စားလှယ် (၃၇)ဦးတို့က ဒီလ(၅)ရက် အထိ ပေးပို့ထားတဲ့ ကြယ်ပွင့်ပြ မေးခွန်းပေါင်း ၆၈ ခု မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ဖို့ လျာထားပါတယ်။ အဆိုအနေနဲ့ လွှတ်တော်ကိုယ်စားလှယ် (၃) ဦး တို့ ဒီလ (၁) ရက်နေ့အထိ ပေးပို့ထားတဲ့ အဆို ၃ ခုကို အသင့်ဖြစ်ပါက ဆောင်ရွက်မှာ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်းခြင်းနဲ့ အဆိုများတင်သွင်းခြင်းကဏ္ဍမှာ ပြည်သူများ၏ အကျိုးနှင့် လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေးအတွက် ဦးတည်ရမှာ ဖြစ်သလို၊ အစိုးရအဖွဲ့အနေနဲ့လည်း ပြည်သူတို့ကို ဗဟိုပြုသော၊ ပြည်သူကိုတာဝန်ခံသော ဖြေကြားချက်မျိုး ဖြေကြားနိုင်ကြပြီး ဒီမိုကရေစီ ကျင့်စဉ်ကို မှန်ကန်စွာ ကျင့်သုံးနိုင်ကြပါစေလို့ ပြောကြားလိုပါတယ်။

ဒသမပုံမှန်အစည်းအဝေးမှ (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ကာလအထိ လွှတ်တော်ကိုယ်စားလှယ်များ တင်သွင်းခဲ့တဲ့ဥပဒေ(မူကြမ်း)၅ခုအနက် ဥပဒေ(မူကြမ်း)၄ခုကို ဒီ (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ လွှတ်တော်ရဲ့အတည်ပြုချက်ကို ရယူဖို့ရှိပါတယ်။ ဥပဒေပြုရေးဆိုင်ရာကော်မတီက ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၃၉၊ နည်းဥပဒေခွဲ(ခ)အရ ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းပြီး နည်းဥပဒေ ၁၄၄ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ လွှတ်တော်ရဲ့

အဆုံးအဖြတ်ရယူမှာ ဖြစ်ပါတယ်။

ဥပဒေကြမ်းတစ်ရပ်ကို လွှတ်တော်သို့ တင်သွင်းပြီးနောက် ယင်းဥပဒေကြမ်းအပေါ် ပြင်ဆင်ဖြည့်စွက်ရန်ရှိပါက လွှတ်တော်ကိုယ်စားလှယ်များအား လွှတ်တော်ရုံးသို့ တစ်လအတွင်း အကြံပြုချက်များ ပေးပို့ကြရန် ကြေညာခဲ့သလို အကြံပြုချက်များပေးပို့တဲ့ ကိုယ်စားလှယ်များလည်းရှိပါတယ်။ ကိုယ်စားလှယ်များပေးပို့တဲ့ အကြံပြုချက်များ အပါအဝင် သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ ဆက်စပ်ဌာနများရဲ့ အကြံပြုချက်များအားလုံးကို စုစည်းပြီး ဥပဒေပြုရေးဆိုင်ရာကော်မတီက အစည်းအဝေးမှာ စုံစုံညီညီ ညှိနှိုင်းဆွေးနွေးခဲ့ကြပြီးဖြစ်ပါတယ်။

ယခုအစည်းအဝေးမှာ ဥပဒေပြုရေးဆိုင်ရာကော်မတီက ဥပဒေကြမ်းတစ်ခုချင်းအလိုက် အစီရင်ခံစာဖတ်ကြား ရှင်းလင်းပြီး ဥပဒေပြုရေးဆိုင်ရာကော်မတီက ပြင်ဆင်ထားသော တစ်ပိုဒ်ချင်းစီကို လွှတ်တော်သို့တင်ပြပြီး လွှတ်တော်ရဲ့ အတည်ပြုချက်ရယူရဖို့ရှိပါတယ်။ ဒီနေရာမှာ ကန့်လန့်ဖြတ်ဇယားပါ စာတိုင်နှစ်ခုနဲ့ပတ်သက်ပြီး ကျွန်တော့်အနေနဲ့ ရှင်းလင်းပြောကြားလိုပါတယ်။ ကန့်လန့်ဖြတ်ဇယားပါ စာတိုင်နှစ်ခုကို ရှင်းလင်းပြောကြားရမယ်ဆိုရင် ပထမစာတိုင်မှာ ဥပဒေရေးဆွဲသည့် ကိုယ်စားလှယ်၏ မူလအဆိုပြုချက်စာတိုင်ဖြစ်ပြီး ဒုတိယစာတိုင်မှာ ဥပဒေပြုရေးဆိုင်ရာကော်မတီက ပြင်ဆင်ရန် အကြံပြုချက်စာတိုင် ဖြစ်ပါတယ်။ လွှတ်တော်ရဲ့ ဆန္ဒခံယူတဲ့အခါမှာ ကိုယ်စားလှယ်များအနေနဲ့ ဒီစာတိုင် နှစ်ခုထဲက တစ်ခုခုကိုသာ သဘောတူကြရမှာ ဖြစ်ပါတယ်။ တစ်လအတွင်း အကြံပြုချက်များပေးပို့ကြရန် ကြေညာခဲ့စဉ်က ပေးပို့ခြင်းမရှိဘဲ ယခုအချိန်ကျမှ စာတိုင်မှာပါရှိတဲ့ အချက်တစ်ခုခုကို မိမိသဘောဖြင့် နှုတ်ပယ်၍သော်လည်းကောင်း၊ ပြောင်းလဲ၍သော်လည်းကောင်း သို့မဟုတ် ဖြည့်စွက်၍သော်လည်းကောင်း မတင်ပြကြဖို့ သတိပြုစေလိုပါတယ်။

ဒီအစည်းအဝေးမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ရဲ့ ဒသမပုံမှန်အစည်းအဝေးမှာ အတည်ပြုပြဋ္ဌာန်းခဲ့တဲ့ ရှမ်းပြည်နယ်ဂုဏ်ထူးဆောင်လက်မှတ် နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာ ဥပဒေနှင့်စပ်လျဉ်းပြီး ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၄၂ အရ ပြင်ဆင်ချက်အဆိုကို တင်သွင်းမှာဖြစ်သလို ရှမ်းပြည်နယ်မြေယာခွန်ဥပဒေ (မူကြမ်း)ကိုလည်းပဲ ထပ်မံတင်သွင်းဖို့ ရှိပါတယ်။ လွှတ်တော်အစည်းအဝေးမှာ တင်ပြဖို့ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်ရုံး၏ လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာနှင့် ရှမ်းပြည်နယ် လွှတ်တော်ရေးရာကော်မတီအချို့တို့က မိမိတို့ရေးရာကော်မတီအလိုက် အစီရင်ခံစာ တင်ပြကြမှာဖြစ်ပါတယ်။

ယခုအစည်းအဝေးမှာ ဥပဒေ(မူကြမ်း) ၄ ခုကို အချိန်ပေးပြီး ဥပဒေပြုရေးဆိုင်ရာ ကော်မတီက လွှတ်တော်ကို အသေးစိတ်တင်ပြသွားမှာ ဖြစ်ပါတယ်။ လွှတ်တော် အစည်းအဝေးတွေမှာ တင်သွင်းတာ ကြာမြင့်ပြီဖြစ်တဲ့ ယင်းဥပဒေ(မူကြမ်း)များကို ယခုအစည်းအဝေးမှာ အတည်ပြုနိုင်ရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များက စိတ်ရှည်ရှည်ထားပြီး ဝိုင်းဝန်း ဆောင်ရွက်ပေးကြပါလို့ ပြောကြားလိုပါတယ်။

နိဂုံးချုပ်အားဖြင့် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များဟာ ပြည်သူ့ကိုယ်စားလှယ်တာဝန်များကို ထမ်းဆောင် လာခဲ့သည်မှာ ၄ နှစ်သက်တမ်း ပြည့်မြောက်တော့မှာဖြစ်ပါတယ်။ ဒီနေရာမှာ တာဝန်နှင့် ဝတ္တရားဆိုသော စကားကို ခွဲခြားဖော်ပြလိုပါတယ်။ အချိန်ရှိသမျှ ဆောင်ရွက်လုပ်ကိုင်ရမည့် သဘောအရာမှာ ဝတ္တရားဖြစ်ပြီး၊ ရံဖန်ရံခါမှ ပေါ်ပေါက်လာ၍ မလုပ်လျှင် မဖြစ်မြောက်အောင် အရေးကြီးသောအရာမှာ တာဝန်ဖြစ်ကြောင်း ကျွန်တော့်အနေနဲ လေ့လာမှတ်သားမိပါတယ်။ တာဝန်ဟာဝတ္တရားထက်ပို၍အရေးကြီးပြီး၊ဝတ္တရားပျက်ကွက်သောသူဟာတစ်ဦးတစ်ယောက်နဲ့၎င်းအတွက်အနည်းငယ်မျှသာ နစ်နာပြီးတော့မှ တာဝန်ပျက်ကွက်မယ် ဆိုလို့ရှိရင် တစ်မျိုးသားလုံးနှင့် တစ်နိုင်ငံလုံးပါ ထိခိုက်နစ်နာစေနိုင်ပါတယ်။ ဒါကြောင့် မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ လွှတ်တော်တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ကြပါစေ၊ တစ်မြေတည်းနေ တစ်ရေတည်းသောက် သွေးချင်းများဖြစ်ကြသည့် တိုင်းရင်းသားများအားလုံး အညီအညွတ် ပူးပေါင်းလက်တွဲလျက် နိုင်ငံတော်ဖွံ့ ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်ကြပါစေလို့ နှုတ်ခွန်း ဆက်သလိုက်ပါတယ်။

# ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က မိန့်ခွန်းပြောကြားခြင်း



ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

ကျွန်တော်တို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ တာဝန်ထမ်းဆောင်လာခဲ့သည်မှာ ၃ နှစ်တာကာလ ကျော်လွန်ခဲ့ပြီဖြစ်ပြီး ၂၀၁၈- ၂၀၁၉ ခု ဘဏ္ဍာရေးနှစ်အတွင်း ဒေသဖွံ့ဖြိုးရေး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအား တင်ပြအစီရင်ခံလိုပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ရှမ်းပြည်နယ်အတွင်း နေထိုင်ကြသော ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ပြည်နယ်ဘက်စုံ၊ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးတို့ကို ရည်မှန်းချက်ထား၍ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

ရှမ်းပြည်နယ်သည် တိုင်းရင်းသားလူမျိုးပေါင်းစုံ မှီတင်းနေထိုင်လျက်ရှိသော ပြည်နယ်ကြီးတစ်ခုဖြစ်ပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ၁ တိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ၄ ခု ၊ ခရိုင် ၁၂ ခရိုင်၊ မြို့နယ် ၅၅ မြို့နယ်၊ မြို့ ၈၇ မြို့တို့ဖြစ်ပြီး လူဦးရေပေါင်း ၅၄ သိန်းကျော်ခန့် မှီတင်းနေထိုင်လျက်ရှိပါတယ်။

ရှမ်းပြည်နယ်အတွင်း ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ်တွင် လူနေထိုင်မှုဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ မြို့/ ရပ်ကွက်/ ကျေးရွာအုပ်စု/ ကျေးရွာများ တိုးချဲ့/ ပြင်ဆင်ဆောင်ရွက်လျက်ရှိရာမှာ ရပ်စောက်မြို့နယ်အတွင်းရှိ ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စုအား ပင်ဖြစ်မြို့ အဖြစ်လည်းကောင်း၊ နောင်ချိုမြို့နယ်၊ ဘန့်ဘွေးကျေးရွာအုပ်စုအား ဘန့်ဘွေးမြို့အဖြစ် လည်းကောင်း၊ ရွာငံမြို့နယ်၊ မြို့ကြီးကျေးရွာအုပ်စုအား မြို့ကြီးမြို့အဖြစ်လည်းကောင်း၊ ညောင်ရွှေမြို့နယ်၊ နန်းပန်ကျေးရွာအုပ်စုအား နန်းပန်မြို့အဖြစ်လည်းကောင်း တိုးချဲ့ဖွဲ့စည်းနိုင်ရေး နိုင်ငံတော်သမ္မတရုံးသို့ ထောက်ခံတင်ပြခဲ့ပြီး ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်း နယ်မြေရဲစခန်း ၆၆ ခု၊ နယ်မြေရဲကင်းစခန်း ၁၆ ခု၊ လုံခြုံရေး ကင်း ၁၇၀ ခုတို့အား ဖွင့်လှစ်ထားရှိပြီး လုံခြုံရေး၊ မှုခင်းကျဆင်းရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မူးယစ်ဆေးဝါး ၂၄၀၈ မှု၊ ရဲအရေးပိုင်မှု

၂၃၅ မှု၊ မော်တော်ယာဉ်မှု ၄၉၀၀ မှုတို့ကို အရေးယူဆောင်ရွက်ခဲ့ပြီး မူခင်းအသိပညာပေးခြင်း ၁၁၂၃၁ ကြိမ်၊ မူးယစ်ဆေးဝါး အသိပညာပေးဟောပြောမှု ၉၅၀ ကြိမ်၊ ယာဉ်စည်းကမ်း၊ လမ်း စည်းကမ်း အသိပညာပေးမှု ၃၅၀ ကြိမ်နှင့် လက်ကမ်းစာစောင် ဖြန့်ဝေခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ရှမ်းပြည်နယ်အတွင်း မူးယစ်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိမှုအနေဖြင့် ဘိန်းဖြူ ၄၁၃ ကီလို၊ ဘိန်းဆီခဲ ၂၉ ကီလို၊ ဘိန်းစိမ်း ၉၈၅ ကီလို၊ အိုက်စ် ၄၁၆၈ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား သိန်း ၅၂၀ ခန့်နှင့် စိတ်ကြွဆေးမှုန့် ၆၇၁ ကီလိုကို ဖမ်းဆီးနိုင်ခဲ့ပါတယ်။ ရှမ်းပြည်နယ်တွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း တရားမဝင်သစ်(ကျွန်း/ သစ်မာ / အခြား) စုစုပေါင်းတန် (၅၀၀၀)ကျော် ဖမ်းဆီးနိုင်ခဲ့ပါတယ်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် မြို့နယ်(၈)ခုတွင် နယ်မြေ မီးသတ်စခန်းအဆောက်အဦ ၁၆ ခု တည်ဆောက်ပေးနိုင်ခဲ့ပြီး မီးသတ်ယာဉ်၊ ရှာဖွေကယ်ဆယ်ရေးပစ္စည်းနှင့် မီးငြိမ်းသတ်ရေးပစ္စည်းများကို စုစုပေါင်း ရန်ပုံငွေ ၄.၈ ဘီလီယံကျော် ဖြည့်ဆည်းဆောင်ရွက်ခဲ့ပါတယ်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၊ စီမံကိန်းရည်မှန်းချက်တွင် ရှမ်းပြည်နယ်၏ စုစုပေါင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)သည် နှစ်အလိုက် ဈေးနှုန်းများအရ ကျပ် ၆,၁၈၅.၄ ဘီလီယံခန့်ရရှိရန် ရည်မှန်းထားရာ အောက်တိုဘာလမှ စက်တင်ဘာလအထိ (ယာယီ) ကျပ် ၆,၀၉၆.၄ ဘီလီယံ ရရှိခဲ့တဲ့အတွက် စီမံကိန်းရည်မှန်းချက်အပေါ် ၉၈.၆ ရာခိုင်နှုန်းအကောင်အထည်ဖော်နိုင်ခဲ့ပြီး ၉.၉ ရာခိုင်နှုန်းပြောင်းလဲဖြစ်ပေါ်ခဲ့ပါတယ်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၊ စီမံကိန်းရည်မှန်းချက်တွင် ရှမ်းပြည်နယ်၏ စုစုပေါင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ)သည် ပုံမှန်ဈေးနှုန်းများအရ ကျပ် ၅,၂၁၆.၂ ဘီလီယံ ရရှိရန်ရည်မှန်းထားရာ အောက်တိုဘာလမှ စက်တင်ဘာလအထိ ယာယီစာရင်းများအရ ကျပ် ၅,၁၉၇.၃ ဘီလီယံ ရရှိခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်အပေါ် ၉၉.၆ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပြီး ၄.၃ ရာခိုင်နှုန်းတိုးတက်ခဲ့တယ်လို့ အစီရင်ခံတင်ပြတာ ဖြစ်ပါတယ်ခင်ဗျား။

ကုန်သွယ်ရေးကဏ္ဍတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း မူဆယ်(၁၀၅)မိုင် နယ်စပ်ကုန်သွယ်ရေးဇုန်မှ ကုန်သွယ်မှု ပမာဏ အမေရိကန် ဒေါ်လာ ၄.၉ ဘီလီယံကျော်၊ ချင်းရွှေဟော်စခန်းမှ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၅၀၇ သန်းနှင့် တာချီလိတ်စခန်းမှ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၈၃ သန်းတို့ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ရှမ်းပြည်နယ်အတွင်း ၂၀၁၇- ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဟိုတယ်နှင့် တည်းခိုရိပ်သာ (၃၃၄)လုံး ရှိခဲ့ရာမှ ၂၀၁၈- ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် (၃၆၈)လုံးရှိလာခဲ့တဲ့အတွက် ဟိုတယ်နှင့် တည်းခိုရိပ်သာပေါင်း (၃၄)လုံး တိုးတက်လာပါတယ်။ ခရီးသွား လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖယ်ခုံမြို့နယ်၊ လွယ်ပေါကျေးရွာအုပ်စု၊ လွယ်ပန်းစုံကျေးရွာတွင် ရပ်ရွာလူထု အခြေပြု ခရီးသွားလုပ်ငန်း **Community Based Tourism** ကိုလည်း ဖွင့်လှစ်ပေးနိုင်ခဲ့ပါတယ်။

၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်အတွင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဒေသန္တရဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကော်မတီနှင့် လုပ်ငန်းရှင်/ကုမ္ပဏီတို့အကြား MOU လက်မှတ်ရေးထိုးပြီး ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်း(၇)ခု၊ MOA လက်မှတ်ရေးထိုးပြီး ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်း(၂)ခုတို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

ရှမ်းပြည်နယ်မှာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း အသက်မွေးဝမ်းကျောင်းပညာ သင်တန်းများဖြစ်သည့် တန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်း၊ ဝါးအခြေခံလက်မှုထည် နည်းပညာသင်တန်း၊ လူသုံးကုန်နှင့် အလှကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း၊ အခြေခံမော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်းသင်တန်း၊ ဂဟေဆက် သင်တန်း၊ အထည်ပန်းပုံရိုက်နှင့် ဆေးရေးပန်းချီသင်တန်း၊ အခြေခံစက်ချုပ်သင်တန်းနှင့် တစ်လုံးထိုးဒီဇယ်အင်ဂျင် ပြုပြင်ထိန်းသိမ်းနည်း သင်တန်းတို့ကို အကြိမ်ရေ (၅၁)ကြိမ်ကို သင်တန်းသားဦးရေ (၁၀၃၇) ဦးဖြင့် ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ပါတယ်။

ရှမ်းပြည်နယ်အတွင်း လယ်ယာကဏ္ဍဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာမှာ စပါးစိုက်ပျိုးဧက(၁၂) သိန်းကျော်စိုက်ပျိုးခဲ့ပြီး ဧက(၃)သိန်းကျော် ရိတ်သိမ်းနိုင်ခဲ့ရာ စပါးတင်းရေ (၂၂၉)သိန်းကျော် စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့ပါတယ်။

စိုက်ပျိုးစရိတ်ချေးငွေများထုတ်ချေးပေးနိုင်မှုအနေနဲ့ ဆောင်းချေးငွေကို တောင်သူ ၁၀၀၀၉ ဦးအား ငွေကျပ် ၆၅၈ သန်း၊ မိုးကြိုချေးငွေကို တောင်သူဦးရေ ၈၅၇၀ ဦးအား ငွေကျပ် ၄ ဘီလီယံကျော်၊ မိုးချေးငွေကို တောင်သူဦးရေ ၃၁၉၅၀ ဦးအား ငွေကျပ် ၂၂.၅ ဘီလီယံ ထုတ်ချေးပေးနိုင်ခဲ့ပါတယ်။ **JICA Two Step Loan** ထုတ်ချေးငွေအနေဖြင့် တောင်သူဦးရေ ၁၇၅ ဦးအား

လယ်ယာသုံးစက်ကိရိယာပစ္စည်း ၁၇၅ ခု ၊ ချေးငွေကျပ် ၇.၅ ဘီလီယံကျော်၊ MEB (TSL)ထုတ်ချေးငွေဖြင့် တောင်သူဦးရေ ၂၈၂၅ ဦးကို ချေးငွေကျပ် ၁.၆ ဘီလီယံကျော် တို့ကို ထုတ်ချေးပေးခဲ့ပြီး တောင်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ခဲ့ပါတယ်။

၂၀၁၈ ခုနှစ်၊ မိုးသည်းထန်စွာ ရွာသွန်းသဖြင့် ရေကြီးနစ်မြုပ်ခြင်း၊ ရေတိုက်စားခြင်းတို့ကြောင့် သီးနှံများပျက်စီးခဲ့၍ ပျက်စီးဧက ၂၈၅၆ ဧကအတွက် ငွေကျပ် ၄၃.၄ သန်းနှင့် ပိုးမွှားကျရောက်မှုကြောင့် ပျက်စီးဧက ၅၃၄ ဧကအတွက် ၅၃.၄ သန်းကို အရေးပေါ်ရန်ပုံငွေမှ ထောက်ပံ့ပေးအပ်ခဲ့ပါတယ်။

ရှမ်းပြည်နယ်၏ ဆည်မြောင်းကဏ္ဍမှာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်အစိုးရရန်ပုံငွေ သာမန်အသုံးစရိတ်ဖြင့် လုပ်ငန်းပေါင်း ၇၁ ခု၊ ရန်ပုံငွေ ၃.၁ ဘီလီယံ ကျော်ဖြင့်လည်းကောင်း၊ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် လုပ်ငန်းပေါင်း ၃၄ ခုအတွက် ရန်ပုံငွေ ၄.၁ ဘီလီယံကျော်ဖြင့်လည်းကောင်း လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအနေဖြင့် ပြည်ထောင်စု ငွေလုံးငွေရင်း/သာမန်ရန်ပုံငွေဖြင့် လုပ်ငန်း ၁၉ ခု၊ ငွေကျပ် ၉၉ သန်းဖြင့် လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါတယ်။ ပြည်နယ်ငွေလုံးငွေရင်း/ သာမန်ရန်ပုံငွေဖြင့် လုပ်ငန်း ၅၅ ခု၊ ငွေကျပ် ၁၃၂၉ သန်းဖြင့် လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ကြောင်း တင်ပြ အစီရင်ခံပါတယ်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးကဏ္ဍအနေဖြင့် ရေပေးရေးလုပ်ငန်းကို ပြည်နယ်ရန်ပုံငွေ ကျပ် ၂ ဘီလီယံကျော်ဖြင့် လည်းကောင်း၊ ဆိုလာနှင့် ဆက်စပ်ပစ္စည်းများ(NEP)လုပ်ငန်းများကို ငွေကျပ် ၁၇.၆ ဘီလီယံကျော်ဖြင့်လည်းကောင်း၊ ကျေးလက်ကုန်ထုတ်လမ်း ၅၁ မိုင် ၅ ဖာလုံကို ငွေကျပ် ၁ ဘီလီယံကျော်ဖြင့်လည်းကောင်း၊ ကျေးလက်ကုန်ထုတ် တံတား ၆၆ စင်းကို ငွေကျပ် ၃၉၀ သန်းဖြင့်လည်းကောင်း၊ KFW အထောက်အပံ့ဖြင့် ဆိုလာမီးလင်းရေး လုပ်ငန်းကို မြို့နယ် ၁၉ ခုတွင် ဆိုလာ ၂၃၈၁၄ လုံးကိုလည်းကောင်း၊ လူထုဗဟိုပြု စီမံကိန်းကို မြို့နယ် ၄ ခုတွင် ငွေကျပ် ၃.၇ ဘီလီယံကျော်ဖြင့်လည်းကောင်း၊ ကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများကို ငွေကျပ် ၆.၄ ဘီလီယံကျော်ဖြင့်လည်းကောင်း လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

စက်မှုလယ်ယာကဏ္ဍအနေဖြင့် ကျေးလက်နေ ပြည်သူတို့၏ လယ်ယာကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးအတွက် ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ်တွင် စနစ်ကျလယ်ယာမြေဧရိယာ ၄၅၀ ဧကကို ဖော်ထုတ်ဆောင်ရွက်ခဲ့သည့်အပြင် ကုန်းမြင့်လယ်ယာဖော်ထုတ်ခြင်းလုပ်ငန်းကိုလည်း ငွေကျပ် ၁၉၉ သန်းဖြင့် ရပ်စောက်မြို့နယ်၊ ၄က်ပျောဂနိုင်ကျေးရွာနှင့် ဖယ်ခုံမြို့နယ် ဆီဘူး၊ ကဖု၊ သာအောင်၊ ခီးတလုတ်ကျေးရွာတို့တွင် အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ထွန်ယက်ရေးလုပ်ငန်းအနေဖြင့် မြေဧရိယာ ၆၁၅၆၂ ဧက၊ ရိတ်သိမ်းခြွေလှေ့သည့် ဧရိယာ ၇၂၆ ဧက ဆောင်ရွက်နိုင်ခဲ့ပြီး လယ်ယာသုံးစက်ကိရိယာ ထွန်စက်ကြီး ၆ စီး၊ လက်တွန်းထွန်စက် ၉၇၄ စီးရောင်းချပေးနိုင်ခဲ့ပါတယ်။

မွေးမြူရေးကဏ္ဍအနေဖြင့် ၂၀၁၈-၂၀၁၉ ခုဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေကျပ် ၁၈ သန်းခန့်တန်ဖိုးရှိ မေထုန်မဲ့သားစပ် လုပ်ငန်းသုံးပစ္စည်းများကို ခရိုင်/ မြို့နယ်များသို့ ဖြန့်ဖြူး ပေးနိုင်ခဲ့ပါတယ်။

နယ်စပ်ဒေသလူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် မြေသားလမ်း၊ ကျောက်ချောလမ်း၊ ကတ္တရာလမ်း၊ ကွန်ကရစ်တံတား၊ Box Culvert နှင့် သာသနာရေးလုပ်ငန်း ဆောင်ရွက်ခြင်းလုပ်ငန်း ၁၅၁ ခုကို ငွေကျပ် ၂၂.၂ ဘီလီယံကျော်နဲ့ နယ်စပ်ဒေသလူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

ရှမ်းပြည်နယ်တွင် လမ်းများတည်ဆောက်ပေးနိုင်မှုအခြေအနေမှာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း လမ်းဦးစီးဌာနမှ ပြည်ထောင်စု/ ပြည်နယ် စုစုပေါင်းရန်ပုံငွေ ကျပ် ၁၂၂,၀၉၆.၀၅၇ သန်းဖြင့် အဆင့်မြှင့်တင် တိုးတက်ပြုပြင်ခြင်းလုပ်ငန်းများဖြစ်သော ကတ္တရာ ကွန်ကရစ်(AC)ခင်းခြင်း(၉ မိုင် ၀ ဖာလုံ )၊ ကတ္တရာလမ်းသစ်ခင်းခြင်း( ၁၂၅ မိုင် ၄ ဖာလုံ )၊ ကွန်ကရစ်လမ်းခင်းခြင်း ( ၈ မိုင် ၃.၃၅ ဖာလုံ )၊ (၁၈ x ၂၄)ပေအကျယ် ကတ္တရာလမ်းချဲ့ခြင်း (၁၃၈ မိုင် ၂ ဖာလုံ)၊ ဒုအခြေခံလွှာ/ အခြေခံလွှာဖြင့် ချဲ့ခင်းခြင်း (၄ မိုင် ၁ ဖာလုံ)၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်းနှင့် လမ်းနိမ့်မြင့် ဖြေညှိ၍ ကတ္တရာရေပိတ်လွှာလောင်းခြင်း (၁၃၄ မိုင် ၆ ဖာလုံ)၊ အမာခံလမ်း/ ကျောက်လမ်းခင်းခြင်း (၁၀၅ မိုင် ၅ ဖာလုံ)၊ ကျောက်တောင် မိုင်းခွဲလမ်းချဲ့ခြင်းနှင့် မြေသားတာဘောင်ချဲ့ခြင်း (၇၂ မိုင် ၂ ဖာလုံ)၊ ကျောက်စီရေမြောင်းနှင့် မြေကာနံရံ တည်ဆောက်ခြင်း(၆၅၁၁၁)ပေ၊ (၁၈၀)ပေနှင့်အထက် တံတားအပါအဝင် သံကူကွန်ကရစ်တံတားနှင့် Box Culvert (၃၁၆)စင်း တည်ဆောက်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများအား အကောင်

အထည်ဖော်ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ရှမ်းပြည်နယ်အတွင်း ၁၈၀ ပေအထက် တံတားကြီးများအနေဖြင့် တာကော် တံတား ၁၁၅၀ ပေ၊ မိုင်းရှူးတံတား ၄၂၆ ပေ၊ ပွန်ချောင်း တံတား ၁၉၀ ပေ၊ နမ္မတူမြို့တွင်း တံတား ၂၈၀ ပေ၊ နမ့်ဝမ်း(၂) တံတား ၂၂၀ ပေ၊ တာဆန်းတံတား ၈၇၀ ပေ တည်ဆောက်ခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။

B.O.T စနစ်ဖြင့် လမ်း/တံတားအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို တောင်ပေါ်ဒေသ လမ်းဆောက်လုပ်ရေးကုမ္ပဏီ၊ နေမင်းရောင်ဆောက်လုပ်ရေးကုမ္ပဏီ၊ သော်တာဝင်းကုမ္ပဏီတို့မှ ကတ္တရာကွန်ကရစ် (AC) လမ်းခင်းခြင်း၊ ကျောက်တောင် မိုင်းခွဲလမ်းချဲ့ခြင်း၊ သံကူ ကွန်ကရစ်တံတားတည်ဆောက်ခြင်း၊ တံတားချဲ့ခြင်း၊ မြေထိန်းနံရံတည်ဆောက်ခြင်း၊ Guard Rail တပ်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ပြီး ဖြစ်ပါတယ်။

၂၀၁၈–၂၀၁၉ဘဏ္ဍာရေးနှစ်ရှမ်းပြည်နယ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်၂.၆ဘီလီယံကျော်ဖြင့်တောင်ကြီးတက္ကသိုလ်လမ်း ကတ္တရာကွန်ကရစ် AC လမ်းခင်းခြင်း၊ မိတ္ထီလာ– တောင်ကြီး– ကျိုင်းတုံ– တာချီလိတ်လမ်း AC ခင်းခြင်း၊ လွိုင်လင် – ပန်ကေတု– သီပေါလမ်း သံကူကွန်ကရစ် တံတားအသစ် ပြန်လည်တည်ဆောက်ခြင်း၊ အင်တော–ကျောက်ဂူ– တောင်ခမ်း– နောင်ချိုလမ်း ၁၈ ပေအကျယ် ကတ္တရာလမ်း ချဲ့ခြင်း ၊ တာဆန်း–မိုင်းတုံ– မိုင်းဆတ်လမ်း ကွန်ကရစ်လမ်းခင်းခြင်း၊ ကျိုင်းတုံ– လေယာဉ်ကွင်းလမ်း ကတ္တရာ ကွန်ကရစ် AC ခင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ရှမ်းပြည်နယ်ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်ရေး ပိုမိုတိုးတက်ကောင်းမွန်စေရန် ကျေးလက်လမ်းများကို ၂၀၁၈– ၂၀၁၉ ခု ဘဏ္ဍာရေးနှစ်အတွင်း ကွန်ကရစ်လမ်း၊ ကတ္တရာလမ်း၊ ကျောက်လမ်း၊ မြေသားလမ်း၊ စုစုပေါင်း ၁၇၉ မိုင် ၁ ဖာလုံခန့်အား ပြည်ထောင်စု/ ပြည်နယ်ရန်ပုံငွေကျပ် ၁၈.၃ ဘီလီယံကျော် ၊ ကွန်ကရစ်တံတား၊ Box Culvert ၊ ကြိုးတံတား စုစုပေါင်း ၁၀၈ စင်းအားပြည်ထောင်စုရန်ပုံငွေ၊ ပြည်နယ်ရန်ပုံငွေကျပ် ၂.၆ ဘီလီယံကျော်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ရှမ်းပြည်နယ်အတွင်း ဂျာမန်ဖွံ့ဖြိုးရေးဘဏ် (KfW) အထောက်အပံ့( Phase – I ) အနေဖြင့် တောင်ကြီးမြို့နယ်၊ တောင်နီ– တောင်လေးလုံး ကတ္တရာလမ်း၊ ရွာငံမြို့နယ် ၊ ရွာငံ–နွားဘန်းကြီးကတ္တရာလမ်း၊ ဆီဆိုင်မြို့နယ်၊ ဆိုက်ခေါင်– နမ့်ပေါ်လိတ်ကျောက်လမ်းခင်းခြင်း လုပ်ငန်းများကို အမေရိကန်ဒေါ်လာ ၄.၃ သန်းဖြင့်လည်းကောင်း၊( Phase–II &III ) အနေဖြင့် တောင်ကြီး၊ ကလော၊ ညောင်ရွှေ၊ ရပ်စောက်၊ ဟိုပုံးမြို့နယ်တို့တွင် ကျေးလက်လမ်းခင်းခြင်း လုပ်ငန်းများကို ၆၀.၅ ကီလိုမီတာအား ယူရိုငွေ ၇.၉ သန်းဖြင့်လည်းကောင်း၊ ( Phase – IV ) အနေဖြင့် ပင်လောင်းနှင့် လွိုင်လင်မြို့နယ်တို့တွင် ကတ္တရာခင်းခြင်း၊ ကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်းများ ၅၄.၄ ကီလိုမီတာကို ယူရို ၈.၃ သန်းဖြင့် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

ရှမ်းပြည်နယ်အတွင်း မြို့ပြဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးဌာနများမှ လမ်း/ တံတား/ ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၁၈–၂၀၁၉ ခု ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၇.၂ ဘီလီယံကျော်ဖြင့် လမ်း ၅၆၅ လမ်း ကိုလည်းကောင်း၊ ငွေကျပ် ၁ ဘီလီယံကျော်ဖြင့် တံတား ၂၉၄ စင်းကိုလည်းကောင်း၊ ငွေကျပ် ၁ ဘီလီယံကျော်ဖြင့် ရေပေးရေးလုပ်ငန်း ၁၆၃ ခုကို လည်းကောင်း၊ ငွေကျပ် ၇.၉ ဘီလီယံကျော်ဖြင့် အခြားလုပ်ငန်း ၅၃၂ ခုကိုလည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

၂၀၁၈ – ၂၀၁၉ ခု ဘဏ္ဍာရေးနှစ်အတွင်း မြို့တွင်း ကတ္တရာလမ်းများ အဆင့်တိုးမြှင့် ဆောင်ရွက်နိုင်ရေးအတွက် ပြည်နယ်အရန်ကတ္တရာမှ ၇၄၈ တန် ထောက်ပံ့၍ ကတ္တရာလမ်း ၁၀၇ လမ်း၊ လမ်းအရှည် ၂၂ မိုင် ၃ ဖာလုံကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။

မြို့တွင်းသန့်ရှင်းသပ်ရပ်သာယာလှပရေးဆောင်ရွက်နိုင်ရန် မြို့နယ် ၃၄ ခုအတွက် အမှိုက်သိမ်းယာဉ် ၈ စီး၊ ရေသယ်ယာဉ် ၂ စီး၊ မီးသတ်ယာဉ် ၉ စီး၊ လမ်းကြိတ်စက် ၇ စီး၊ မြေတူးစက် ၇ စီး၊ သုံးဘီးဆိုင်ကယ် ၂ စီးကို ဝယ်ယူဖြည့်တင်း ထောက်ပံ့ပေးနိုင်ခဲ့ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေ ကျပ် ၃.၇ ဘီလီယံကျော်ဖြင့် ၂၀၁၈–၂၀၁၉ ခု ဘဏ္ဍာရေးနှစ်တွင် တောင်ကြီး၊ လားရှိုး၊ ဖယ်ခုံ၊ ပင်လုံ၊ ကျိုင်းလပ်၊ ညောင်ရွှေမြို့များတွင် ACလမ်းခင်းခြင်း၊ ကတ္တရာလမ်းတိုးချဲ့ခင်းခြင်း၊ ကွန်ကရစ်ခင်းခြင်း၊ တံတားတိုးချဲ့ခြင်း၊ ရေပေးရေးလုပ်ငန်းနှင့် သဘာဝဘေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

အေးသာယာမြို့ ခရီးသည်တင် အဝေးပြေးယာဉ် ရပ်နားစခန်းအား ( PPP )စနစ်ဖြင့် အဆင့်မြှင့်တင် တည်ဆောက်ခြင်းကို တောင်ကြီးထိန်သာ ဆောက်လုပ်ရေးကုမ္ပဏီလီမိတက် နှင့်လည်းကောင်း၊ ရွှေညောင်မြို့ ပုဂ္ဂလိက အမှိုက်သိမ်းဆည်းခြင်း လုပ်ငန်းအား ဖိုးလမင်းမိုး ကုမ္ပဏီဖြင့်လည်းကောင်း စာချုပ်ချုပ်ဆို ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

( JICA ODA LOAN )အဆင့်(၁)ဖြင့် တောင်ကြီး၊ ကလော၊ ဖယ်ခုံ၊ ပင်လောင်း၊ နောင်တရား၊ ရပ်စောက်၊ ရွာငံ၊ ပင်းတယ စသည့် မြို့ (၈) မြို့၏ တိုးချဲ့ရေပေးရေးလုပ်ငန်း၊ အဆင့်(၂)ဖြင့် တောင်ကြီးနှင့် လားရှိုးမြို့တို့၏ မြို့တိုးချဲ့ ရေပေးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် လူထုပူးပေါင်းပါဝင်မှုဖြင့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ (၂)ကြိမ် ပျိုးပင်ပေါင်း ၁၁ သိန်းကျော် စိုက်ပျိုး နိုင်ခဲ့ပြီး လူထုသို့ ပျိုးပင် ၂.၂ သန်းကို ဖြန့်ဝေစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းကျေးရွာ ၅၃ ရွာတွင် ဧကပေါင်း ၁၀၀၀၀ ကျော် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ သီးနှံသစ်တော ရောနှောစိုက်ပျိုးခြင်းလုပ်ငန်းကို ဧက ၆၆၀ ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးခြင်း လုပ်ငန်းများကို အခြေခံပညာကျောင်းများ၊ လုပ်ငန်းရှင်များ၊ ရပ်ကွက်/ ကျေးရွာ ပြည်သူများနှင့် ဌာနဆိုင်ရာများကို ၁၆၉ ကြိမ် အသိပညာပေးဆောင်ရွက်ခဲ့ပါတယ်။

၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် သတ္တုကဏ္ဍအနေဖြင့် ပြည်နယ်လုပ်ကွက် စိစစ်ချထားပေးရေးအဖွဲ့မှ အသေးစားခွင့်ပြုမိန့် (၂၄) ခု၊ လက်လုပ်လက်စား ခွင့်ပြုမိန့် (၄၅)ခု၊ ဝယ်/ ရောင်းခွင့်ပြုမိန့် (၂)ခု စုစုပေါင်း ခွင့်ပြုမိန့် (၇၁)ခုအား ထုတ်ပေးနိုင်ခဲ့ပါတယ်။

ရှမ်းပြည်နယ်အတွင်း လျှပ်စစ်ကဏ္ဍကို တင်ပြရလျှင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှု ပိုမိုကောင်းမွန်စေရန် ၂၀၁၈- ၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေမှ ငွေကျပ် ၈.၅ ဘီလီယံကျော်နဲ့ ၆၆ ကေဗွီဓာတ်အားလိုင်း ၃ မိုင်၊ ၃၃ ကေဗွီ ဓာတ်အားလိုင်း ၇၆ မိုင်၊ ၆၆/၃၃ကေဗွီခွဲရုံ(၁)ရုံ၊ ၆၆/ ၁၁ ကေဗွီခွဲရုံ(၅)ရုံနှင့် ၃၃/ ၁၁ ကေဗွီခွဲရုံ(၅)ရုံ တည်ဆောက်ပေးနိုင်ခဲ့ပြီး ရှမ်းပြည်နယ်အစိုးရ ငွေလုံးငွေရင်းရန်ပုံငွေမှ ငွေကျပ် ၄၀.၆ ဘီလီယံကျော်နဲ့ ၃၃ကေဗွီ ဓာတ်အားလိုင်း ၈.၆ မိုင်၊ ၂၂ ကေဗွီဓာတ်အားလိုင်း ၂ မိုင်၊ ၁၁ ကေဗွီဓာတ်အားလိုင်း ၃၂၀.၁ မိုင်၊ ၄၀၀ ဗို့ဓာတ်အားလိုင်း ၄၁၃.၁ မိုင်၊ ၃၃/၀.၄ ကေဗွီထရန်စဖော်မာ(၆)လုံး၊ ၁၁/၀.၄ ကေဗွီထရန်စဖော်မာ ၃၈၃ လုံး တိုးချဲ့တည်ဆောက်ပေးနိုင်ခဲ့ရာ ကျေးရွာပေါင်း ၂၁၆ ရွာခန့် လျှပ်စစ်ဓာတ်အား ရရှိသုံးစွဲနိုင်မည် ဖြစ်ပါတယ်။

ရေအားလျှပ်စစ်ဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော အထက် ကျိုင်းတောင်းရေအားလျှပ်စစ် စီမံကိန်းသည် ယခုအခါ မြစ်ရေလွှဲခြင်းလုပ်ငန်း၊ ပင်မတမံ လုပ်ငန်း၊ ပင်မရေပိုလွှဲလုပ်ငန်း၊ ရေသွယ်ဥမင်လိုဏ်လုပ်ငန်း၊ ရေထိန်းတံခါးပြွန်လုပ်ငန်း၊ ဖိအားမြင့်သံမဏိပိုက်လိုင်းလုပ်ငန်း၊ ဓာတ်အားပေးစက်ရုံလုပ်ငန်း၊ ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်း လုပ်ငန်းများကို ဆောင်ရွက်နေပြီဖြစ်ပါတယ်။

ရှမ်းပြည်နယ်တွင် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်လျက် ရှိသော ပုဂ္ဂလိကရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် MOU လက်မှတ်ရေးထိုးပြီးသည့် လုပ်ငန်းပေါင်း (၃၂)ခုနှင့် MOA လက်မှတ်ရေးထိုးပြီး ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်း (၁၀)ခုတို့အား စာချုပ် ချုပ်ဆို ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် နိုင်ငံ့ဝန်ထမ်းများနေထိုင်မှု အဆင်ပြေစေရေးအတွက် ရှမ်းပြည်နယ် မြို့ပြနှင့်အိမ် ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း တောင်ကြီး၊ လားရှိုး၊ ကျိုင်းတုံမြို့ (၃)မြို့မှာ (၄) ခန်းတွဲ (၄)ထပ် ဝန်ထမ်းအိမ်ရာ (၁၁)လုံး တည်ဆောက်ပေးနိုင်ခဲ့ပါတယ်။

ပညာရေးကဏ္ဍအနေဖြင့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် တက္ကသိုလ်/ကောလိပ်များ၌ ဆရာ/ဆရာမ ၁၆၇၄ ဦးနှင့် ကျောင်းသား/ သူ ၂၁၅၃၈ ဦး ရှိပါတယ်။ ယခင်က အခြေခံပညာ ကျောင်းပေါင်း ၅၇၉၆ ကျောင်းရှိခဲ့ရာမှ ၂၀၁၈- ၂၀၁၉ ပညာသင်နှစ်တွင် ၆၂၃၆ ကျောင်းရှိလာတဲ့အတွက် ကျောင်းပေါင်း ၄၄၀ ကျောင်းကို တိုးတက်ဖွင့်လှစ်နိုင်ခဲ့ပါတယ်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် ၂၂ ဘီလီယံကျော်ဖြင့် စာသင်ကျောင်းပေါင်း ၅၀၃ ကျောင်းအား စာသင်ကျောင်းဆောင်သစ်များ အသစ်တည်ဆောက်ပေးနိုင်ခဲ့ပါတယ်။ အခြေခံပညာကျောင်းများတိုးမြှင့် တည်ဆောက်ပေးခြင်း၊ ဆရာ/ ဆရာမများ တိုးမြှင့်ခန့်ထားပေးခြင်းတို့ကြောင့် ဒေသခံပြည်သူများ၏ ပညာသင်ယူမှု အခွင့်အလမ်းများ ယခင်ထက်ပိုမိုရရှိလာပြီဖြစ်ကြောင်း အစီရင်ခံတင်ပြလိုပါတယ်။

ရှမ်းပြည်နယ်အတွင်း နေထိုင်ကြသော ပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားလာစေရေးအတွက်

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ဆေးရုံ၊ ကျန်းမာရေး ဌာနပေါင်း (၁၃၄၆) ခု ဖွင့်လှစ်ကာ ဆရာဝန်၊ သူနာပြုနှင့်ကျန်းမာရေး ဝန်ထမ်းပေါင်း (၅၃၃၃) ဦးမှ ဆေးကုသပေးလျက်ရှိပါတယ်။

၂၀၁၈- ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ကုသရေး/ ပြည်သူ့ကျန်းမာရေးဌာနရှိ ပြည်သူ့ ဆေးရုံများ၊ တိုက်နယ်ဆေးရုံများ၊ ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲများအတွက် လိုအပ်သော ဆေးရုံသုံး ဆေးဝါးများကို ငွေကျပ် ၆.၁ ဘီလီယံကျော်ဖြင့် ဝယ်ယူကာ ပြည်သူလူထုအား ကျန်းမာရေးဝန်ဆောင်မှုပေးနိုင်ခဲ့ပါတယ်။

အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်ခွင့်ပြုရန်ပုံငွေ ၆.၈ ဘီလီယံ ကျော်နှင့် ပြည်ထောင်စုရန်ပုံငွေကျပ် ၂.၃ ဘီလီယံကျော်တို့ဖြင့် တာချီလိတ်၊ ဟိုပန်၊ သီပေါ၊ နောင်ချို၊ မဘိမ်း၊ တန့်ယန်းတို့တွင် (၁၀၀ x ၃၀)ပေ ပွဲကြည့်စင် ဆောက်လုပ်ခြင်း၊ ဟိုပန်နှင့် လောက်ကိုင်တွင် မိုးလုံလေလုံအားကစားရုံ တည်ဆောက်ခြင်း၊ အခြေခံပညာအထက်တန်း/ အလယ်တန်းကျောင်း (၃၀)တို့တွင် အားကစားကွင်းများဖော်ထုတ်ပေးခြင်းနှင့် တောင်ကြီး၊ ဆီဆိုင်၊ ဟိုပန်၊ ကွမ်းလုံ၊ မိုင်းရယ်၊ သီပေါ၊ မဘိမ်း၊ မိုင်းဖြတ်မြို့နယ်များရှိ ကျေးရွာပေါင်း (၁၃)ရွာတွင် ကျေးရွာအားကစားကွင်းများ ဖော်ထုတ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဆေးလိပ်ငွေ့ကင်းစင် ရှမ်းပြည်တစ်ခွင် အထိမ်းအမှတ်လှုပ်ရှားမှုအနေဖြင့် မြို့နယ်ပေါင်း (၂၄)ခုတွင် မီနီမာရသွန်ပြိုင်ပွဲနှင့် စက်ဘီးစီးပြိုင်ပွဲများ ကျင်းပနိုင်ခဲ့ပါတယ်။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် အသိပညာပေးဟောပြောပွဲများကို တက္ကသိုလ်များနှင့် အခြေခံပညာကျောင်းများတွင် (၆၅၁)ကြိမ် ကျင်းပပြုလုပ်ခဲ့ပြီး ကျောင်းသား/ ကျောင်းသူပေါင်း (၅၂၅၇၄)ဦးကို အသိပညာပေးနိုင်ခဲ့ပါတယ်။

ရှမ်းပြည်နယ်အတွင်း လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီမှ ပေးပို့လာသည့်မြေယာကိစ္စ တိုင်ကြားစာ အမှုပေါင်း (၆၉၀)မှုအား ပြည်နယ်မြေ/ စစ် ကော်မတီမှ စိစစ်ဆောင်ရွက်ပြီး အမှုတွဲပေါင်း(၅၀၁)မှုကို ဗဟိုကော်မတီသို့ သဘောထား တင်ပြထားရှိပြီး ကျန်ရှိသည့်အမှုပေါင်း (၁၈၉)မှုကိုလည်း သက်ဆိုင်ရာမြေ/ စစ်ကော်မတီ အဆင့်ဆင့်မှ ကွင်းဆင်းစိစစ်ဆောင်ရွက်လျက်ရှိပါတယ်။

လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီလက်ထက် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ ပြန်လည်စွန့်လွှတ်သည့် အမှုကိစ္စပေါင်း ၁၅၉ မှုတွင် မြေဧရိယာဧက ၃၀၀၀၀ ကျော်အား တောင်သူ ၂,၉၇၃ ဦးသို့ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ခဲ့ပြီး ကျန်မြေဧရိယာဧက ၁၀၀၀ ကျော်အား ပြန်လည် လွှဲပြောင်းပေးအပ်နိုင်ရေးမူဝါဒနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြလိုပါတယ်။

၂၀၁၈-၂၀၁၉ ခုနှစ်အတွင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံးသို့ ပေးပို့လာသည့် တိုင်ကြားစာ စုစုပေါင်း (၄၂၆)စောင် အနက် (၃၂၅)စောင်အား ပြီးပြတ်အောင် ဆောင်ရွက်နိုင်ခဲ့ပြီး ကျန်ရှိသည့်(၁၀၁)စောင်အား စိစစ်ဆောင်ရွက်ဆဲ ဖြစ်ပါကြောင်းကိုလည်း အစီရင်ခံလိုပါတယ်။

ပြည်တွင်းငြိမ်းချမ်းရေးနှင့် ပတ်သက်၍ ဆောင်ရွက်ချက်များအနေဖြင့် ရှမ်းပြည်နယ် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-S)ကို အစိုးရ ကိုယ်စားလှယ် ၅ ဦး၊ တိုင်းရင်းသားကိုယ်စားလှယ် ၅ ဦး၊ အရပ်သားကိုယ်စားလှယ် ၄ ဦး စုစုပေါင်း ၁၄ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါ (JMC-S) အစည်းအဝေးကို ၂၇-၁-၂၀၁၆ ရက်မှ ၁၄-၉-၂၀၁၈ ရက်အထိ လွိုင်လင်ခရိုင်၊ ခိုလမ်မြို့၌ (၁၇)ကြိမ် ကျင်းပနိုင်ခဲ့ပြီး ဖြစ်ပါတယ်။

JMC-S(ရှမ်း)၊ JMC-S အဖွဲ့ဝင်များနှင့် JMC-U မှ အဖွဲ့ဝင်များမှ JMC-S ၏ အပစ်အခတ်ရပ်စဲရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်ဖက်တပ်ဖွဲ့များ စောင့်ထိန်းလိုက်နာရမည့် ကျင့်ဝတ်စည်းကမ်းဆိုင်ရာကိစ္စရပ်များ NCA/ CoC နှင့် တိုင်ကြားမှုဆိုင်ရာကိစ္စ ရပ်များအား ရှင်းလင်းခဲ့ပြီး ပြည်သူလူထု၏ မေးမြန်းချက်များ၊ ဆွေးနွေးချက်များ ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းဆိုင်ရာ လူထုတွေ့ဆုံပွဲကို ရှမ်းပြည်နယ် (တောင်ပိုင်း)ရှိ မြို့ (၉)မြို့တို့တွင် ၁၆-၈-၂၀၁၇ ရက်မှ ၂၂-၉-၂၀၁၈ ရက်နေ့အထိ (၁၄)ကြိမ်အထိ ကျင်းပနိုင်ခဲ့ပါတယ်။

ရှမ်းပြည်နယ် မြောက်ပိုင်းတွင် KIA/ TNLA/ NMDAA/ AA လက်နက်ကိုင်ပူးပေါင်းအဖွဲ့များ၏ ပစ်ခတ်တိုက်ခိုက်မှု ပဋိပက္ခများကြောင့် နေရပ်စွန့်ခွာ၍ ထွက်ပြေးတိမ်းရှောင်လာသော ပြည်သူများအတွက် စစ်ဘေးရှောင် ကယ်ဆယ်ရေးစခန်းများ

ဖွင့်လှစ်ထားရှိပြီး လိုအပ်သော ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ငွေသားနှင့် ပစ္စည်းတန်ဖိုး စုစုပေါင်း ငွေကျပ် ၁.၂ ဘီလီယံကျော် ထောက်ပံ့ပေးအပ်ခဲ့ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် မသန်စွမ်းသူ (၅၃၇၁) ဦးအား ငွေကျပ် ၁၆၁ သန်း ကျော်ကိုလည်းကောင်း၊ ဘိုးဘွားဦးရေ စုစုပေါင်း (၁၈၂၅၃)ဦးအား ထောက်ပံ့ငွေကျပ် ၅၄၇ သန်းကျော်ကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ပါတယ်။

ရှမ်းပြည်နယ်တွင် သဘာဝဘေးအမျိုးမျိုး စုစုပေါင်း ၄၀၈ ကြိမ် ဖြစ်ပေါ်ခဲ့မှုအပေါ် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ကယ်ဆယ်ရေးပစ္စည်းနှင့် ရန်ပုံငွေစုစုပေါင်း ငွေကျပ် (၁) ဘီလီယံ ကျော်ထောက်ပံ့ပေးအပ်ခဲ့ပြီး ရှမ်းပြည်နယ် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနမှ ကယ်ဆယ်ရေးပစ္စည်းနှင့် ထောက်ပံ့ငွေစုစုပေါင်း ၈၅၉ သန်းကျော်ကို ထောက်ပံ့ပေးအပ်ခဲ့ပါတယ်။

နိုင်ငံတော်အနေဖြင့် ပြည်သူဗဟိုပြုအုပ်ချုပ်ရေးစနစ်ကို ပီပြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများကို ဆောင်ရွက်ပေးနေရသည့် နိုင်ငံ့ဝန်ထမ်းများ၏ အခန်းကဏ္ဍသည် အလွန်ပင်အရေးကြီးလှပါတယ်။ လုပ်ငန်းခွင်အတွင်းလာဘ်ပေးလာဘ်ယူမှု ကင်းရှင်းရေး၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာရန် လေ့ကျင့်ဆောင်ရွက်ပေးလျက်ရှိပြီး လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့သည့် ဝန်ထမ်းများအား အရေးယူအပြစ်ပေးမှုများ အနေဖြင့် ဝန်ထမ်း(၆)ဦးအား ရာထူးမှထုတ်ပယ်ခြင်း (Removal) ပြစ်ဒဏ်နှင့် ဝန်ထမ်း(၁)ဦး ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း (Dismiss) ပြစ်ဒဏ်တို့အား ချမှတ်ခဲ့ပါတယ်။

ထို့အပြင် ၂၀၁၈ ခုနှစ်တွင် ရှမ်းပြည်နယ်အတွင်း ထူးချွန်စွာ တာဝန်ထမ်းဆောင် ဆောင်ရွက်ခဲ့သည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များ၊ ရပ်မိရပ်ဖများအား ၂၀၁၉ ခုနှစ်မှာ ကျင်းပပြုလုပ်သည့် (၇၂)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားတွင် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ဆိုင်ရာ ထူးချွန်ဆု၊ စိုက်ပျိုးထူးချွန်ဆု၊ မွေးမြူထူးချွန်ဆု၊ လူမှုထူးချွန်ဆု၊ သာသနာရေး ထူးချွန်ဆုစသည့် ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ပေးအပ် ချီးမြှင့်နိုင်ခဲ့ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်သူတို့၏ လိုအပ်ချက်များကို ပိုမိုထိရောက် လျင်မြန်စွာ ဆောင်ရွက်ပေးနိုင်ရေး အတွက် ပြည်နယ်အတွင်း မြို့နယ်များအလိုက် ရွေ့လျား ဝန်ဆောင်မှု (Mobile Service Delivery)ကို ၂၀၁၈ ခုနှစ်၊ ဧပြီလမှစ၍ ကျေးရွာများအထိ ကွင်းဆင်းဆောင်ရွက်မှုအား ခရိုင် ၄ ခရိုင်ရှိ မြို့နယ်များသို့ (၁၄) ကြိမ်ခန့် ကွင်းဆင်း ဆောင်ရွက်ခဲ့သဖြင့် ပြည်သူ၊ ဝန်ထမ်း၊ လွှတ်တော်၊ အစိုးရအဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းလာကာ ပြုပြင်ပြောင်းလဲရေးအတွက် အထောက်အပံ့ကောင်းများ၊ နမူနာ ပုံစံများ၊ စံပြပုံစံများ ဖြစ်ပေါ်စေခဲ့ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့နေဖြင့် အစိုးရသစ် တာဝန်ထမ်းဆောင်ခဲ့သည့် ၂၀၁၈–၂၀၁၉ တတိယတစ်နှစ်တာကာလအတွင်း ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် လယ်ယာကဏ္ဍ အဆင့်မြှင့်တင်ပေးခြင်း၊ မြို့ပေါ်ကျေးလက်မကျန် လမ်း/ တံတား တည်ဆောက်ပေးခြင်း၊ လျှပ်စစ်ဓာတ်အားရရှိစေရေးအတွက် ဓာတ်အားလိုင်းများတိုးချဲ့တည်ဆောက် ပေးခြင်း၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍ အဆင့်မြှင့်တင်ပေးခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်ပေးခဲ့ပါတယ်။ ဆက်လက်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်ထောင်စုအစိုးရ၏ ဦးဆောင်မှု၊ ပြည်နယ်အစိုးရအဖွဲ့ကြီးကြပ်မှုဖြင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ ကဏ္ဍအလိုက်ဖွံ့ဖြိုးတိုးတက်အောင် ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လေးစားစွာတင်ပြအစီရင်ခံရင်း နိဂုံးချုပ်အပ်ပါတယ်။

---

**ဒီမိုကရေစီဖော်ဆောင်ရေး**
**လွှတ်တော်ကိုယ်စားလှယ်များဝိုင်းဝန်းဆောင်ရွက်ပေး**

# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်(၃၅) ဦးတို့၏ ကြယ်ပွင့်ပြမေးခွန်း(၆၄)ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်းကို ဆောင်ရွက်ခဲ့ပါသည်။



မိုင်းဆတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ဦးဒါဝိဒ်က ကြယ်ပွင့်ပြမေးခွန်းအား မေးမြန်းနေစဉ်



ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှဦးက ကြယ်ပွင့်ပြမေးခွန်းအား ဖြေကြားနေစဉ်



တပ်မတော်သားပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးမျိုးမင်းထွန်းက ကြယ်ပွင့်ပြမေးခွန်းအား မေးမြန်းနေစဉ်



ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေးက ကြယ်ပွင့်ပြမေးခွန်းအား ဖြေကြားနေစဉ်



တပ်မတော်သားပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးပြည့်ဖြိုးအောင်က ကြယ်ပွင့်ပြမေးခွန်းအား မေးမြန်းနေစဉ်



ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက ကြယ်ပွင့်ပြမေးခွန်းအား ဖြေကြားနေစဉ်

# ရှမ်းပြည်နယ်တွင် တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးရှိစေရန် ရှမ်းပြည်နယ်အစိုးရအနေဖြင့် စီမံချက်ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း အဆိုအား တင်သွင်းခြင်း



သိန္နီမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီက အဆိုတင်သွင်းနေစဉ်



ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှဦးက အဆိုအား ရှင်းလင်းဆွေးနွေးနေစဉ်

သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီက "ရှမ်းပြည်နယ်တွင် တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးရှိစေရန် ရှမ်းပြည်နယ်အစိုးရအနေဖြင့် စီမံချက်ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း" အဆိုကို မူဆယ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ဦးစိုင်းကျော်သိန်း၊ သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေးနှင့် နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်းတို့က ထောက်ခံဆွေးနွေးကြကာ မိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဆန်းဝင်းအောင်(ခ) ဦးအောင်အောင်က အကြံပြုဆွေးနွေးပြီး ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှဦးက အတည်ပြုပေးပါရန် ဆွေးနွေးတင်ပြသဖြင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် ယင်းအဆိုကို အတည်ပြုကြောင်း ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ကြေညာသည်။



သီပေါမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေးက အဆိုအားဆွေးနွေးနေစဉ်



မိုင်းတုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဆန်းဝင်းအောင်(ခ)ဦးအောင်အောင်က အဆိုအားဆွေးနွေးနေစဉ်

# “နယ်သာလန်နိုင်ငံ၊ သည်ဟိတ်မြို့ရှိ ICJ တရားရုံးတွင် ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံကို လူမျိုးတုံးသတ်ဖြတ်မှုဆိုင်ရာ စွပ်စွဲချက်နှင့်ပတ်သက်ပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီး၊ ဒေါ်အောင်ဆန်းစုကြည်... 



ပင်းတယမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ)ဦးညီလေးချမ်းက အဆိုတင်သွင်းနေစဉ်



ရွာငံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစဝ်အောင်မြတ်က အဆိုအား ဆွေးနွေးနေစဉ်

ပင်းတယမြို့နယ် မဲဆန္ဒနယ် အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်းက “နယ်သာလန်နိုင်ငံ၊ သည်ဟိတ်မြို့ရှိ ICJ တရားရုံးတွင် ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံကို လူမျိုးတုံးသတ်ဖြတ်မှုဆိုင်ရာ စွပ်စွဲချက်နှင့်ပတ်သက်ပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီး၊ ရှေ့နေနှစ်ဦးတို့၏ ခုခံချေပချက်များကို ထောက်ခံကြောင်း ကြေညာ၍ အရေးကြီးအဆို တင်သွင်းရာ တာချီလိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်တင့်နှင့် ဟိုပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးရန်ကျော်တို့က ထောက်ခံဆွေးနွေးပြီး၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်(ခ) ဦးအောင်မြတ်နှင့် လောက်ကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သန်းထွဋ်တို့မှ အကြံပြုဆွေးနွေးပြီးနောက် ရှမ်းပြည်နယ် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ရှမ်းပြည်နယ်လွှတ်တော်က မှတ်တမ်းတင်ကြောင်းကြေညာပါသည်။



ဟိုပန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးရန်ကျော်က အဆိုအား ဆွေးနွေးနေစဉ်



လောက်ကိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သန်းထွဋ်က အဆိုအား ဆွေးနွေးနေစဉ်

# ပြည်နယ်အဆင့်တင်ဒါကော်မတီ၊ ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၊ တင်ဒါလက်ခံရေး နှင့် စိစစ်ရေးကော်မတီ၊ အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီများတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကို ထည့်သွင်းပေးရန် တိုက်တွန်းကြောင်း အဆိုအား တင်သွင်းခြင်း



ပင်းတယမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ)ဦးညီလေးချမ်းက အဆိုတင်သွင်းနေစဉ်



ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး (ကိုယ်စား) ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေးက အဆိုအား ရှင်းလင်းဆွေးနွေးနေစဉ်

ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်းက "ပြည်နယ်အဆင့် တင်ဒါကော်မတီ၊ ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီများတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကို ထည့်သွင်းပေးရန် တိုက်တွန်းကြောင်း" အဆိုကို တင်သွင်းရာ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်မိုးနှင့် နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်းတို့က ထောက်ခံဆွေးနွေးကြပြီး၊ မဘိမ်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမင်းမင်းသိန်းက အကြံပြု ထောက်ခံဆွေးနွေးပြီးနောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေးက အဆိုကို မှတ်တမ်းအဖြစ်ထားရှိပေးပါရန် တင်ပြခဲ့၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာတွင် လွှတ်တော်က မှတ်တမ်းတင်ကြောင်း ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။



ညောင်ရွှေမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်မိုးက အဆိုအား ဆွေးနွေးနေစဉ်



မဘိမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမင်းမင်းသိန်းက အဆိုအား ဆွေးနွေးနေစဉ်



ရှာင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ဦးစဝ်အောင်မြတ်က ကြယ်ပွင့်ပြမေးခွန်းအား မေးမြန်းနေစဉ်



ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်က အစည်းအဝေးတက်ရောက်ရန် လက်မှတ်ရေးထိုးနေစဉ်

ရှာင်မြို့နယ်၊မဲဆန္ဒနယ်အမှတ်(၂)ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစဝ်အောင်မြတ်က “ တောင်ကြီးမြို့နယ်၊ ကျောက်နီကျေးရွာအုပ်စု၊ သရက်ပင်လှကျေးရွာနှင့် ဘော်ဆိုင်းလမ်းမကြီးအထိ ဒေသကုန်ထုတ်လမ်း (၃)မိုင်အား ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ ” မေးခွန်းနှင့် “ အထက်ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းအား နောက်ဆုံးဆောင်ရွက်ထားရှိမှုအခြေအနေ၊ ဘဏ္ဍာငွေရရှိမှုနှင့် မည်သည့်အချိန်ကာလတွင် လျှပ်စစ်ဓါတ်အား ထုတ်လုပ်နိုင်ပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း) မဟာဓါတ်အားလိုင်းနှင့် ချိတ်ဆက်အသုံးပြုနိုင်မည်ကိုသိရှိလိုပါသည် ”နှင့် စပ်လျဉ်းသည့် မေးခွန်းများမေးမြန်းခဲ့ရာ ပြည်နယ်စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်နှင့် ပြည်နယ်လျှပ်စစ် စွမ်းအင်နှင့် စက်မှုဝန်ကြီး ဦးစိုင်းရှဲန်တစ်လုံတို့က အသီးသီး ဖြေကြားခဲ့ပါသည်။



ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က အစည်းအဝေးတက်ရောက်ရန် လက်မှတ်ရေးထိုးနေစဉ်



ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်က ကြယ်ပွင့်ပြမေးခွန်းအား ဖြေကြားနေစဉ်



ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်(ခ) ဦးအောင်မြတ်က အစည်းအဝေးတက်ရောက်ရန် လက်မှတ်ရေးထိုးနေစဉ်

# ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ် ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းချီးမြှင့် အပ်နှင်းခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)အား လွှတ်တော်သို့ တင်သွင်းခြင်း။



ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသည့် ရှမ်းပြည်နယ်ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းချီးမြှင့် အပ်နှံခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက အောက်ပါအတိုင်း ဖတ်ကြားတင်သွင်းခဲ့ပါသည် -

အပိုဒ်(၁)၌ဥပဒေကို "ရှမ်းပြည်နယ်ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းခြင်း ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ" ဟု ခေါ်တွင်စေရမည်။

အပိုဒ်(၂)ရှမ်းပြည်နယ်ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာဥပဒေ အခန်း (၁)၊ အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်၊ ပုဒ်မ ၂၊ ပုဒ်မခွဲ (က) (ခ) (ဂ) (ဃ) (င) (စ) ၏ နောက်တွင် ပုဒ်မခွဲ (ဆ) အဖြစ်- "ပင်လုံဂုဏ်ရည်" ရှမ်းပြည်နယ်ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်း ဆိုသည်မှာ ပုဒ်မခွဲ (င) နှင့် (စ) ဖော်ပြပါ ဂုဏ်ထူးဆောင်လက်မှတ်နှင့်ဂုဏ်ထူးဆောင်ဆုပစ္စည်းနှင့်စပ်လျဉ်းသည့်ကဏ္ဍတစ်ခုထက်ပိုမို၍ထူးချွန်စွာနှစ်စဉ်စဉ်ဆက်မပြတ် ရှမ်းပြည်နယ်၏ အကျိုးကို စွမ်းစွမ်းတမံ ကြိုးစားဆောင်ရွက်နေသူ၊ နိုင်ငံတော်မှဘွဲ့၊ ဂုဏ်ထူးဆောင်ဆု၊ နိုင်ငံတကာမှ ချီးမြှင့်သော စွမ်းဆောင်မှုဆိုင်ရာဆု၊ အသက်နှင့်ခန္ဓာကိုယ်အစိတ်အပိုင်းကိုပင်စွန့်၍ ကိုယ်ကျိုးမဖက် ကြိုးပမ်းဆောင်ရွက်မှုပြုသူကို အစိုးရအဖွဲ့က ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဆုပစ္စည်းအဖြစ် ချီးမြှင့်သည့် ဆုပစ္စည်းတံဆိပ်ကိုဆိုလိုသည်ဟူ၍ ဖြည့်စွက်ရမည်။ မူလပုဒ်မ ၂၊ ပုဒ်မခွဲ (ဆ)၏ စိစစ်ရေးကော်မတီအား ပုဒ်မခွဲ (ဇ) အဖြစ် ပြင်ဆင်သတ်မှတ်ရမည်။

အပိုဒ်(၃) ရှမ်းပြည်နယ်ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာ ဥပဒေ အခန်း(၃)၊ ပုဒ်မ ၁၃ ၏ နောက်တွင် ပုဒ်မ ၁၃-က နှင့် ပုဒ်မ ၁၃-ခ အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်- "ပုဒ်မ ၁၃-က" အစိုးရအဖွဲ့သည် ရှမ်းပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသ၍ အဖက်ဖက်က

စွမ်းစွမ်းတမံ အားထုတ်ကြိုးပမ်းဆောင်ရွက်ပြီး အောက်ပါအရည်အချင်းနှင့် ပြည့်စုံသူမည်သူကိုမဆို ရှမ်းပြည်နယ်၏ အထူးဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းအဖြစ် “ပင်လုံ ဂုဏ်ရည်ဆု” ကို ချီးမြှင့်နိုင်သည်-

(က) နိုင်ငံတော်က ချီးမြှင့်သော ဂုဏ်ထူးဆောင်ဘွဲ့ သို့မဟုတ် ဆုတံဆိပ်တစ်မျိုးမျိုး ရရှိသူ၊

( ခ) နိုင်ငံတကာက ချီးမြှင့်သော စွမ်းဆောင်ရည်ဆိုင်ရာ ဆုတစ်မျိုးမျိုးရရှိသူ၊

( ဂ) မိမိကိုယ်ကျိုးကိုမငဲ့ကွက်ဘဲ ရှမ်းပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်စွန့် ကြိုးပမ်းဆောင်ရွက်သူ၊

(ဃ) ဥပဒေ၏ပုဒ်မ ၄ မှ ၁၀ အထိ ဖော်ပြပါ ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းတစ်မျိုးမျိုးအတွက် သတ်မှတ်သည့် အရည်အချင်းနှင့် ပြည့်စုံသူ။

ပုဒ်မ ၁၃-ခ “အစိုးရအဖွဲ့သည် ပင်လုံဂုဏ်ရည်ဆုချီးမြှင့်ရာတွင် ဆုတံဆိပ်၏ ပုံသဏ္ဌာန်၊ အရွယ်အစားနှင့် တန်ဘိုးပမာဏကို သတ်မှတ်နိုင်သည်။

အပိုဒ်(၄) ရှမ်းပြည်နယ်ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာ ဥပဒေ အခန်း (၅)၊ ပုဒ်မ ၁၇ ၏ အောက်တွင် ပုဒ်မ ၁၇-က ကို အောက်ပါအတိုင်းဖြည့်စွက်ရမည်-

“ပုဒ်မ၁၇-က။ ရှမ်းပြည်နယ်၏ အထူးဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင် ဆုပစ္စည်းအဖြစ် “ပင်လုံဂုဏ်ရည်ဆု” ချီးမြှင့်နိုင်ရေးအတွက် စိစစ်ထောက်ခံတင်ပြခြင်းကို အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) ရှမ်းပြည်နယ်အတွင်းရှိ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၌ တာဝန် ထမ်းဆောင်သည့် နိုင်ငံ့ဝန်ထမ်းများ ဖြစ်ပါက သက်ဆိုင်ရာ ပြည်နယ်ဝန်ကြီးကလည်းကောင်း၊ တပ်မတော်သားများဖြစ်ပါက သက်ဆိုင်ရာ စစ်တိုင်းမှူးကလည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်ဖြစ်ပါက ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက လည်းကောင်း၊ ပြင်ပပုဂ္ဂိုလ် ဖြစ်ပါက ပြည်နယ်လူမှုရေးဝန်ကြီးက လည်းကောင်း သတ်မှတ်ပုံစံ(၄)တွင် ဖြည့်စွက်၍ ထောက်ခံတင်ပြရမည်။

( ခ) စိစစ်ရေးကော်မတီသည် အထက်ပုဒ်မခွဲ(က)အရ တင်ပြချက်များကို စိစစ်၍ သဘောထားမှတ်ချက်နှင့် အတူ အစိုးရအဖွဲ့သို့ တင်ပြရမည်ဟု ပြင်ဆင်ထားပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသည့် ရှမ်းပြည်နယ်၏ ဂုဏ်ထူးဆောင် လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (မူကြမ်း)အား ဆွေးနွေးဆုံးဖြတ်ပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော်သို့ လေးလေးစားစား တင်သွင်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။



လေ့လာသူများမှ အစည်းအဝေးတွင် လာရောက်လေ့လာစဉ်



လေ့လာသူများမှ အစည်းအဝေးတွင် လာရောက်လေ့လာစဉ်

# ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ် မြေယာခွန်ဥပဒေ(မူကြမ်း) လွှတ်တော်သို့ တင်သွင်းခြင်း။



ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်မြေယာခွန်ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်က အောက်ပါအတိုင်း ရှင်းလင်းဆွေးနွေးခဲ့ပါသည် –

နိဒါန်းပိုင်း အခန်း(၁)တွင် အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်ပါ ပုဒ်မ ၁၊၂၊ ၃ ဖြစ်ပြီး ပုဒ်မ ၃ခု ပါမှာ ဖြစ်ပါတယ်။ ပုဒ်မ ၃တွင် ပုဒ်မခွဲ (၂၄)ခု ပါရှိမှာ ဖြစ်ပါတယ်။ အခန်း(၂) ရည်ရွယ်ချက်များမှာ ပုဒ်မ ၄ တစ်ခုပါရှိမှာ ဖြစ်ပါတယ်။ ပုဒ်မ ၄ တွင် ပုဒ်မခွဲ (၄)ခုပါရှိကြောင်း တင်ပြအပ်ပါတယ်။ အခန်း(၃) ကောက်ခံမည့်မြေခွန်အမျိုးအစားနှင့် ကောက်ခံမည့် မြေယာခွန်နှုန်းထားများမှာ ပုဒ်မ ၅၊ ၆၊ ၇ သုံးခုပါရှိမှာဖြစ်ပါတယ်။ ပုဒ်မ ၅ တွင် ပုဒ်မခွဲ(၃)ခုပါရှိပါကြောင်း တင်ပြအပ်ပါတယ်။ အခန်း(၄) မြေယာခွန်ကို နှစ်စဉ်စည်းကြပ်ခြင်းနှင့် ကောက်ခံခြင်းတွင် ပုဒ်မ ၈ မှ ပုဒ်မ ၁၃ အထိ ပုဒ်မ(၆)ခုပါရှိပါတယ်။ အခန်း(၅) မြေယာခွန်ကင်းလွတ်ခွင့်ပြုခြင်း ခေါင်းစဉ်အောက်တွင် ပုဒ်မ ၁၄ မှ ပုဒ်မ ၁၇ အထိ ပုဒ်မ ၄ ခုပါရှိပြီး ပုဒ်မ ၁၄ မှာ ပုဒ်မခွဲ ၄ ခု ပါရှိပါကြောင်း တင်ပြအပ်ပါတယ်။ အခန်း(၆) မြေခွန်မပေြ ကျန်ငွေကို အမှုတွဲဖွင့်၍ ကောက်ခံခြင်းဆိုသည့်အခန်းအောက်တွင် ပုဒ်မ ၁၈ ပုဒ်မတစ်ခုပါရှိပြီး ပုဒ်မခွဲ (၂)ခု ပါရှိမှာဖြစ်ပါတယ်။ အခန်း(၇) တာဝန်နှင့် လုပ်ပိုင်ခွင့်များအခန်းမှာ ပုဒ်မ ၁၉မှ ပုဒ်မ ၂၂ အထိ ပုဒ်မ ၄ ခုပါရှိပြီး၊ အခန်း(၈) အထွေထွေအခန်းမှာ ပုဒ်မ ၂၃ မှ ပုဒ်မ ၂၇ အထိ ပုဒ်မ ၅ ခုပါရှိကာ ပုဒ်မ ၂၇ တွင် ပုဒ်မခွဲ (၂) ခု ပါရှိပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်ဥပဒေ၊ နည်းဥပဒေအရ ရှမ်းပြည်နယ်မြေယာခွန်ဥပဒေကို လွှတ်တော်သို့ လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့်တင်သွင်းအပ်ပါတယ်။

# ဥပဒေပြုရေးဆိုင်ရာကော်မတီမှ ရှမ်းပြည်နယ် သဘာဝရေထွက်တော၊ ရေထိန်းတောထိန်းသိမ်းကာကွယ်ရေး ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ ဥပဒေပြုရေးဆိုင်ရာ ကော်မတီအဖွဲ့ဝင် ဦးခွန်ဒီဂေါလ်က ကော်မတီ၏ အစီရင်ခံစာအား ဖတ်ကြားရှင်းလင်းခြင်းနှင့် လွှတ်တော်သို့ တင်ပြခြင်း



ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (တတိယနေ့)(၁၃.၂.၂၀၁၉)ရက်၌ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းဥာဏ် တင်သွင်းတဲ့ ရှမ်းပြည်နယ် သဘာဝရေထွက်တော၊ ရေထိန်းတောထိန်းသိမ်းကာကွယ်ရေးဥပဒေ(မူကြမ်း) အပေါ် ပြည်နယ်လွှတ်တော်က ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီသို့ လွှဲအပ်ပေးပို့လာသဖြင့် နည်းဥပဒေ ၆၅နှင့် အညီ ကော်မတီအစည်းအဝေးကို (၅.၄.၂၀၁၉) ရက်၊ (၄.၇.၂၀၁၉) ရက်၊ (၇.၇.၂၀၁၉)ရက်နှင့် (၂၀.၁၁.၂၀၁၉)ရက်နေ့တို့တွင် ရှမ်းပြည်နယ်လွှတ်တော်ရေးရာ ကော်မတီအခန်း(၁)၌ ဥပဒေပြုရေးဆိုင်ရာကော်မတီဝင်များ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဥပဒေချုပ်ရုံး၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ်သစ်တောဦးစီးဌာန၊ ပြည်နယ်သစ်တောဦးစီးဌာန (ရေဝေရေလဲ)၊ ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ပြည်နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ပြည်နယ်စည်ပင်သာယာရေးဌာန၊ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ပြည်နယ်ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အင်းလေးကန် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော၊ သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဌာနတို့မှ တာဝန်ရှိသူများသည် အဆိုပါ ဥပဒေ(မူကြမ်း)နှင့် ပတ်သက်၍ စိစစ်သုံးသပ် ညှိနှိုင်းဆွေးနွေးကြပြီး ဤအကြံပြုချက် အစီရင်ခံစာကို ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၆ နှင့်အညီ ပြုစုတင်ပြခြင်း ဖြစ်ပါတယ်။

၂၀၀၈ ခုနှစ်၊ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား၂တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းပါ ကဏ္ဍ(၄)၊ အပိုဒ်(ဠ)နှင့်အညီ ရှမ်းပြည်နယ်သဘာဝ ရေထွက်တော၊ ရေထိန်းတောထိန်းသိမ်းကာကွယ်ရေး ဥပဒေ(မူကြမ်း)တွင် အခန်းပေါင်း(၁၀)ခန်း၊ ပုဒ်မပေါင်း (၃၂)ခုပါဝင်ပြီး ပြင်ဆင်ဖြည့်စွက်သင့်သည့် တစ်ပိုဒ်ချင်းအလိုက် စိစစ်တွေ့ရှိချက်များကို ဥပဒေပြုရေးဆိုင်ရာ ကော်မတီဝင်အားလုံးက သဘောတူညီဆုံးဖြတ်ပြီး အစီရင်ခံစာကို ပြုစုတင်သွင်းခြင်း ဖြစ်ပါတယ်။

ထို့နောက် ဥပဒေပြုရေးဆိုင်ရာကော်မတီမှ ရှမ်းပြည်နယ်သဘာဝ ရေထွက်တော၊ ရေထိန်းတောထိန်းသိမ်းကာကွယ်ရေး ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ လွှတ်တော်သို့ အစီရင်ခံစာအား ဥပဒေပြုရေးဆိုင်ရာကော်မတီအဖွဲ့ဝင် လွိုင်လင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) ဦးခွန်ဒီဂေါလ်က လွှတ်တော်သို့ ဖတ်ကြားတင်ပြပြီး၊ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူကြောင်း ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ကြေညာသည်။

# ဥပဒေပြုရေးဆိုင်ရာကော်မတီမှ ရှမ်းပြည်နယ် လမ်းများ၊ တံတားများဥပဒေ (မူကြမ်း) နှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်ဥပဒေပြုရေးဆိုင်ရာကော်မတီအဖွဲ့ဝင် ဦးစိုင်းထွန်းညာဏ်က ကော်မတီ၏ အစီရင်ခံစာအား ဖတ်ကြားရှင်းလင်းခြင်းနှင့် လွှတ်တော်သို့ တင်ပြခြင်း



ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒသမပုံမှန်အစည်းအဝေး၌ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်း တင်သွင်းသည့် ရှမ်းပြည်နယ် လမ်းများ၊ တံတားများဥပဒေ(မူကြမ်း)အပေါ် ပြည်နယ်လွှတ်တော်က နည်းဥပဒေ ၁၃၆ (ခ)(၃)အရ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီသို့ လွှဲအပ်ပေးပို့လာသဖြင့် နည်းဥပဒေ ၆၅ နှင့်အညီ ကော်မတီ အစည်းအဝေးကို (၃၁.၇.၂၀၁၈) ရက်၊ (၁.၈.၂၀၁၈) ရက်၊ (၂၇.၈.၂၀၁၈) ရက်နှင့် (၁၈.၁၁.၂၀၁၉) ရက်နေ့များတွင် လွှတ်တော်ရေးရာကော်မတီအခန်း(၁)၌ ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ရှမ်းပြည်နယ်လွှတ်တော်ဥပဒေပြုရေးဆိုင်ရာကော်မတီဝင်များ၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ပြည်နယ်ဥပဒေချုပ်ရုံး၊ ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပြည်နယ်လမ်းဦးစီးဌာန၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ပြည်နယ်စည်ပင်သာယာရေးဌာနနှင့် ပြည်နယ်သစ်တောဦးစီးဌာနတို့မှ တာဝန်ရှိသူများက စိစစ်သုံးသပ်ညှိနှိုင်းဆွေးနွေးကြပြီး ဤအကြံပြုချက် အစီရင်ခံစာကို နည်းဥပဒေ ၆၆ နှင့်အညီ ပြုစုတင်ပြခြင်းဖြစ်ပါတယ်။

၂၀၀၈ ခုနှစ်၊ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၂ တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်းပါ ကဏ္ဍ (၆)နှင့် အညီ ရှမ်းပြည်နယ်လမ်းများ၊ တံတားများ ဥပဒေ(မူကြမ်း)သည် ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၄ ၊ အမြန်လမ်းမကြီးများဥပဒေနှင့် ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် ၆၀ ၊ အမြန်လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့်ဥပဒေ စသည့်ဥပဒေများကို ကိုးကား၍ ပြုစုရေးဆွဲထားခြင်းဖြစ်ပါတယ်။ ဥပဒေ(မူကြမ်း)တွင် အခန်းပေါင်း (၇) ခန်း၊ ပုဒ်မပေါင်း (၃၆)ခု ပါဝင်ပြီး ပြင်ဆင်ဖြည့်စွက်သင့်သည့် တစ်ပိုဒ်ချင်းအလိုက် စိစစ်တွေ့ရှိချက်များကို ဥပဒေပြုရေးဆိုင်ရာ ကော်မတီဝင်အားလုံးက သဘောတူညီဆုံးဖြတ်ပြီး အစီရင်ခံစာကို ပြုစုတင်သွင်းခြင်းဖြစ်ပါတယ်။

ထို့နောက် ဥပဒေပြုရေးဆိုင်ရာကော်မတီမှ ရှမ်းပြည်နယ် လမ်းများ၊ တံတားများဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ လွှတ်တော်သို့ တင်သွင်းသည့် အစီရင်ခံစာအား ဥပဒေပြုရေးဆိုင်ရာကော်မတီအဖွဲ့ဝင် ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းညာဏ်က လွှတ်တော်သို့ဖတ်ကြားတင်ပြပြီး၊ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူကြောင်း ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကကြေညာသည်။

# ဥပဒေပြုရေးဆိုင်ရာကော်မတီမှ ရှမ်းပြည်နယ် လျှပ်စစ်ဥပဒေ (မူကြမ်း)နှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ် ဥပဒေပြုရေးဆိုင်ရာကော်မတီအဖွဲ့ဝင် ဦးအောင်ထွဏ်းက ကော်မတီ၏ အစီရင်ခံစာအား ဖတ်ကြားရှင်းလင်းခြင်းနှင့် လွှတ်တော်သို့ တင်ပြခြင်း



ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့(၁၇.၁၂.၂၀၁၈)ရက်နေ့၌ မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလင်းမြတ် တင်သွင်းသည့် ရှမ်းပြည်နယ် လျှပ်စစ်ဥပဒေ(မူကြမ်း)အပေါ် ရှမ်းပြည်နယ်လွှတ်တော်က ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီသို့ လွှဲအပ်ပေးပို့လာပါသဖြင့် နည်းဥပဒေ ၆၅ နှင့်အညီ ကော်မတီအစည်းအဝေးကို (၂၄.၁.၂၀၁၉) ရက်၊ (၂၅.၁.၂၀၁၉) ရက်၊ (၂၈.၁.၂၀၁၉)ရက်၊ (၁၂.၉.၂၀၁၉)ရက်၊ (၁၃.၉.၂၀၁၉) ရက်နှင့် (၁၉.၁၁.၂၀၁၉)ရက်နေ့များတွင် (၆)ကြိမ်တိုင်တိုင် လွှတ်တော်ရေးရာကော်မတီ အခန်း(၁)၌ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီဝင်များ၊ ရှမ်းပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ပြည်နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးလုပ်ငန်းတို့မှ တာဝန်ရှိသူများသည် အဆိုပါ ဥပဒေ(မူကြမ်း)နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၃)ဦးမှ ပေးပို့လာသောပြင်ဆင်ရန် အကြံပြုချက်များအား စိစစ်သုံးသပ် ညှိနှိုင်းဆွေးနွေးကြပြီး ဤအကြံပြုချက်အစီရင်ခံစာကို နည်းဥပဒေ ၆၆ နှင့်အညီ ပြုစုတင်ပြခြင်းဖြစ်ပါတယ်။

၂၀၀၈ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား၂ တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းပါ ကဏ္ဍ (၄)၊ အပိုဒ် (က)နှင့်အညီ ရှမ်းပြည်နယ် လျှပ်စစ်ဥပဒေ(မူကြမ်း)တွင် အခန်းပေါင်း (၁၀)ခန်း၊ ပုဒ်မပေါင်း(၃၄)ခု ပါဝင်ပြီး ပြင်ဆင်ဖြည့်စွက်သင့်သည့် တစ်ပိုဒ်ချင်းအလိုက် စိစစ်တွေ့ရှိချက်များကို ဥပဒေပြုရေးဆိုင်ရာ ကော်မတီဝင်အားလုံးက သဘောတူညီဆုံးဖြတ်ပြီး ဤအစီရင်ခံစာကို ပြုစုတင်သွင်းခြင်း ဖြစ်ပါတယ်။

ထို့နောက် ဥပဒေပြုရေးဆိုင်ရာကော်မတီမှ ရှမ်းပြည်နယ် လျှပ်စစ်ဥပဒေ(မူကြမ်း) နှင့်စပ်လျဉ်း၍ လွှတ်တော်သို့ တင်သွင်းသည့် အစီရင်ခံစာအား ဥပဒေပြုရေးဆိုင်ရာကော်မတီအဖွဲ့ဝင် နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်းကလွှတ်တော်သို့ ဖတ်ကြားတင်ပြပြီး၊ လွှတ်တော်၏အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူကြောင်း ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကကြေညာသည်။

# ဥပဒေပြုရေးဆိုင်ရာကော်မတီမှ အင်းလေးကန်ဒေသထိန်းသိမ်းကာကွယ်ရေးဥပဒေ (မူကြမ်း) နှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်ဥပဒေပြုရေးဆိုင်ရာကော်မတီအဖွဲ့ဝင် ဦးစိုင်းအောင်ကျော်ဦးက ကော်မတီ၏ အစီရင်ခံစာအား ဖတ်ကြားရှင်းလင်းခြင်းနှင့် လွှတ်တော်သို့ တင်ပြခြင်း



ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် (၁၃) ကြိမ်မြောက်ပုံမှန်အစည်းအဝေးပထမနေ့ (၈.၂.၂၀၁၉) ရက်နေ့၌ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ် အမှတ် (၁) မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်းနှင့် ညောင်ရွှေမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်မိုးတို့မှ တင်သွင်းတဲ့ အင်းလေးကန်ဒေသထိန်းသိမ်းကာကွယ်ရေးဥပဒေ(မူကြမ်း)အပေါ် ရှမ်းပြည်နယ်လွှတ်တော်က ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီသို့ လွှဲပြောင်းပေးပို့လာသဖြင့် နည်းဥပဒေ ၆၅ နှင့်အညီ ကော်မတီအစည်းအဝေးကို (၁.၄.၂၀၁၉)ရက်နေ့နှင့် (၄.၉.၂၀၁၉)ရက်နေ့တို့တွင် ရှမ်းပြည်နယ်လွှတ်တော်ရုံး၌ ဥပဒေပြုရေးကော်မတီဝင်များ၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များသည် အဆိုပါဥပဒေ(မူကြမ်း) နှင့် ပတ်သက်၍ စိစစ်သုံးသပ် ညှိနှိုင်းဆွေးနွေးခဲ့ပါတယ်။ ထို့အပြင် ပြည်သူလူထုအသံများပါဝင်ခြင်းဖြင့် ကောင်းမွန်သော ဥပဒေတစ်ခုဖြစ်ပေါ်လာစေရေးအတွက် နည်းဥပဒေ ၆၄ နှင့်အညီ ပြည်သူလူထုကြားနာပွဲကို ပြည်နယ်လွှတ်တော်ရုံး၊ ကျားခေါင်းခန်းမ၌ (၅.၆.၂၀၁၉)ရက်နေ့မှ (၇.၆.၂၀၁၉)ရက်နေ့အထိ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီဝင်များ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ဌာနဆိုင်ရာများ၊ အင်းလေးကန်ဒေသရေဝေရေလဲဒေသ (၁၀)မြို့နယ်မှ အုပ်ချုပ်ရေးမှူးများ၊ လုပ်ငန်းရှင်များ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်း အဖွဲ့များနှင့် (၃)ရက်တာ ကျင်းပပြုလုပ်ခဲ့ရာ ဥပဒေကြမ်းအပေါ် ပြင်ဆင်သင့်သည့်အချက် (၄၆)ချက်၊ ဥပဒေမူကြမ်းနှင့်ပတ်သက်သည့် အကြံပြုချက် (၁၀၇)ချက် ရရှိခဲ့ပါတယ်။ ၎င်းနောက် ကော်မတီအစည်းအဝေးကို (၂၀.၁၁.၂၀၁၉) ရက်နေ့တွင် ဥပဒေပြုရေးဆိုင်ရာ ကော်မတီဝင်များနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ကြားနာပွဲမှရရှိသည့် ရလဒ်များအပါအဝင် အပြီးသတ်ညှိနှိုင်း ဆွေးနွေးခဲ့ပြီး ဤအကြံပြုချက်အစီရင်ခံစာကို ရှမ်းပြည်နယ်လွှတ်တော် နည်းဥပဒေ ၆၆ နှင့်အညီ ပြုစုတင်ပြခြင်းဖြစ်ပါတယ်။

၂၀၀၈ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေဇယား ၂ တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြု စာရင်းပါ ကဏ္ဍ (၄)၊ အပိုဒ် (ဠ)နှင့်အညီ အင်းလေးကန်ဒေသ ထိန်းသိမ်းကာကွယ်ရေးဥပဒေ(မူကြမ်း)တွင် အခန်းပေါင်း (၉) ခန်း၊ ပုဒ်မပေါင်း (၂၃)ခုပါဝင်ပြီး ပြင်ဆင်ဖြည့်စွက်သင့်သည့် တစ်ပိုဒ်ချင်း အလိုက် စိစစ်တွေ့ရှိချက်များကို ဥပဒေပြုရေးဆိုင်ရာ ကော်မတီဝင်များက သဘောတူဆုံးဖြတ်ပြီး အစီရင်ခံစာကို ပြုစုတင်သွင်းခြင်း ဖြစ်ပါတယ်။

ထို့နောက် ဥပဒေပြုရေးဆိုင်ရာကော်မတီမှ အင်းလေးကန်ဒေသ ထိန်းသိမ်းကာကွယ်ရေးဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ လွှတ်တော်သို့ တင်သွင်းသည့် အစီရင်ခံစာအား ဥပဒေပြုရေးဆိုင်ရာကော်မတီအဖွဲ့ဝင် ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ကျော်ဦးက လွှတ်တော်သို့ ဖတ်ကြားတင်ပြပြီး၊ လွှတ်တော်၏ အဆုံးအဖြတ် ရယူရာ လွှတ်တော်က သဘောတူကြောင်း ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကကြေညာသည်။

# ရှမ်းပြည်နယ်လွှတ်တော် ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ အတွင်းရေးမှူး ဒေါ်ရီရီဝင်းက ကော်မတီ၏ အစီရင်ခံစာအား လွှတ်တော်သို့တင်ပြခြင်း



ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်၊ ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှ (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေးအထိနှင့် အထူးအစည်းအဝေး (၁/၂၀၁၉) အပါအဝင် လွှတ်တော်အစည်းအဝေး(၆)ကြိမ်တွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ တင်သွင်းခဲ့သည့်အဆိုများ၊ မေးမြန်းခဲ့သည့် မေးခွန်းများအပေါ် ကတိကဝတ်ပြုခဲ့သည်များကို နည်းဥပဒေ ၆၅ နှင့်အညီ ကော်မတီအစည်းအဝေးကို (၉.၁၂.၂၀၁၉) ရက်နေ့မှ (၁၃.၁၂.၂၀၁၉) ရက်နေ့အထိ လွှတ်တော်ရေးရာကော်မတီ အခန်း(၆)၌ သက်ဆိုင်ရာဝန်ကြီးဌာနများအောက်ရှိ ဌာန/ အဖွဲ့အစည်းများမှ အဆုံးအဖြတ်ပေးနိုင်သည့် အကြီးအမှူးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ ဒေသမှ ခရိုင်စီမံကိန်းဦးစီးမှူးများ၊ ခရိုင်(၁၂)ခရိုင်မှ စီမံကိန်းဦးစီးမှူးများနှင့် ပူးပေါင်း လေ့လာစိစစ်၍ ဤအကြံပြုချက် အစီရင်ခံစာကို နည်းဥပဒေ ၆၆ နှင့်အညီ ပြုစုတင်ပြခြင်း ဖြစ်ပါတယ်။

ကော်မတီသည် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းခဲ့သည့် မေးခွန်းများ၊ ပြည်နယ်အစိုးရအဖွဲ့အစည်းဝင်များမှ လွှတ်တော်တွင် ဖြေကြားပြီးသည့် မေးခွန်းများနှင့်စပ်လျဉ်း၍ ကတိကဝတ်ပြုခဲ့သော အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကိုစိစစ်ရန်အတွက် ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၆၅ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကော်မတီ အစည်းအဝေးများကို (၁၃)ကြိမ်အထိ ကျင်းပနိုင်ခဲ့ပါတယ်။

ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့မှ ၁၃ ရက်နေ့အထိ ကျင်းပသည့် အစည်းအဝေးများ၌ မြို့နယ်အဆင့်စီမံကိန်းလုပ်ငန်းများ လျာထားရေးဆွဲရာတွင် လွှတ်တော်၌ ကတိကဝတ် ဖြစ်ခဲ့သည့်လုပ်ငန်းများ မကျန်ရှိစေရေးအတွက် ခရိုင်အဆင့် စီမံကိန်းဦးစီးမှူးများအား ခေါ်ယူညှိနှိုင်းဆောင်ရွက်နိုင်ခဲ့ပါတယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေးမှ (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေးအထိနှင့် အထူးအစည်းအဝေး (၁/၂၀၁၉)အပါအဝင် အစည်းအဝေးများတွင် အဆိုများ တင်သွင်းခြင်း၊ ကြယ်ပွင့်ပြနှင့် ကြယ်ပွင့်မပြ မေးခွန်းများ မေးမြန်းထားရှိမှုအခြေအနေများမှာ (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေးတွင် အဆို (၄)ခု၊ ကြယ်ပွင့်ပြမေးခွန်း (၇၃)

ခု၊ ကြယ်ပွင့်မပြမေးခွန်း (၅၄)ခု၊ (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် အဆို (၂)ခု၊ ကြယ်ပွင့်ပြမေးခွန်း (၇၅)ခု၊ ကြယ်ပွင့်မပြမေးခွန်း (၃၆)ခု၊ (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် အဆို (၄)ခု၊ ကြယ်ပွင့်ပြမေးခွန်း (၃၈)ခု၊ ကြယ်ပွင့်မပြမေးခွန်း (၃၇)ခု၊ (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် အဆို (၃)ခု၊ ကြယ်ပွင့်ပြမေးခွန်း (၄၈)ခု၊ ကြယ်ပွင့်မပြမေးခွန်း (၃၀)ခု၊ (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်း (၆၁)ခု၊ ကြယ်ပွင့်မပြမေးခွန်း (၃၁)ခု၊ အထူးအစည်းအဝေး(၁/၂၀၁၉)တွင် ကြယ်ပွင့်ပြမေးခွန်း (၈)ခု၊ ကြယ်ပွင့်မပြမေးခွန်း (၁၁)ခု ဖြစ်ပြီး စုစုပေါင်း အဆို (၁၃)ခု၊ ကြယ်ပွင့်ပြမေးခွန်း (၃၀၃)ခု၊ ကြယ်ပွင့်မပြမေးခွန်း (၁၉၉)ခုတို့ ဖြစ်ပါတယ်။

ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှ (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အထိနှင့် အထူးအစည်းအဝေး(၁/၂၀၁၉)အပါအဝင် အစည်းအဝေး(၆)ကြိမ်တွင် တင်သွင်းခဲ့သည့် အဆိုများ၊ မေးမြန်းခဲ့သည့် မေးခွန်းများအား ဖြေကြားထားရှိမှုအပေါ် စိစစ်တွေ့ရှိမှုများမှာ-

(က) လွှတ်တော်ကိုယ်စားလှယ် (၁၃)ဦးက တင်သွင်းခဲ့သည့် အဆို(၁၃)ခုအနက် လွှတ်တော်တွင် အတည်ပြုပြီးသော အဆို(၁၀)ခု၊ မှတ်တမ်းတင်ခြင်း(၃)ခုရှိရာ အတည်ပြုခဲ့သည့် အဆိုများအပေါ် စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

(ခ) လွှတ်တော်ကိုယ်စားလှယ်(၅၂)ဦးက မေးမြန်းခဲ့သည့် ကြယ်ပွင့်ပြမေးခွန်း (၃၀၃)ခုအပေါ် ဝန်ကြီးဌာနအလိုက် ဖြေကြားမှု (၃၀၄)ခုတွင် ကတိမဖြစ် (၁၀၁)ခု၊ ကတိဖြစ်ပေါ်မှု(၂၀၃) ခုတွင် ဆောင်ရွက်ပြီး (၁၀၄)ခု၊ ဆောင်ရွက်ဆဲ(၂၂)ခု၊ ဆောင်ရွက်ရန်ကျန်(၇၇)ခု ရှိပါတယ်။ စုစုပေါင်းဆောင်ရွက်ရန် (၇၇)ခုတွင် မြို့နယ်စီမံကိန်းရေးဆွဲစဉ် ကျန်ရှိသည်ဟု ဖြေကြားချက်က (၇)ခု၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် လျာထားချက်တွင် ထည့်သွင်းသော်လည်း ဘတ်ဂျက်အရ ကျန်ရှိသည်ဟု ဖြေကြားချက်က (၂၃)ခု၊ ၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ်တွင် ထည့်သွင်းလျာထား ဆောင်ရွက်မည်ဟု ဖြေကြားချက်က (၁၆)ခု၊ ၂၀၂၁- ၂၀၂၂ ဘဏ္ဍာနှစ်တွင် ထည့်သွင်းလျာထားဆောင်ရွက်မည် ဟု ဖြေကြားချက်က (၁)ခု၊ ရုံးချုပ်နေပြည်တော်သို့ တင်ပြထားသည်ဟု ဖြေကြားချက်က (၃)ခု၊ ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေသို့ တင်ပြတောင်းခံထားသည်ဟု ဖြေကြားချက်က (၄)ခု၊ (၁၃)နှစ် စီမံကိန်းတွင် လျာထား ဆောင်ရွက်မည်ဟု ဖြေကြားချက်က (၃)ခု၊ ဘဏ္ဍာငွေရရှိပေါ် မူတည်၍ လျာထားဆောင်ရွက်ပေးမည်ဟု ဖြေကြားချက်က(၁၂)ခု၊ မြို့နယ်စီမံကိန်း လုပ်ငန်းလျာထားချက်တွင် ထည့်သွင်းပါမည်ဟု ဖြေကြားချက်က (၇)ခု၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၏ ဦးစားပေးအရ ဆောင်ရွက်ပါမည်ဟု ဖြေကြားချက်က (၁) ခုရှိသည်ကို တွေ့ရှိရပါတယ်။ အစည်းအဝေးအလိုက် ဝန်ကြီးဌာနတစ်ခုချင်းရဲ့ ဆောင်ရွက်ရန် ကျန်များ ကတော့ အောက်ပါအတိုင်း ဖြစ်ပါတယ်-

| | | |
|---|---|---|
| (၁) | တရားသူကြီးချုပ်ရုံး | - |
| (၂) | လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန | ၂၃ |
| (၃) | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ၂ |
| (၄) | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ၁၀ |
| (၅) | လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန | ၂၆ |
| (၆) | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | - |
| (၇) | လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးဌာန | - |
| (၈) | လူမှုရေးဝန်ကြီးဌာန | ၁၃ |
| (၉) | စည်ပင်သာယာရေးဝန်ကြီးဌာန | ၁ |
| (၁၀) | ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန | ၂ |
| (၁၁) | ဥပဒေချုပ်ရုံး | - |

(ဂ) လွှတ်တော်ကိုယ်စားလှယ်(၄၀)ဦးက မေးမြန်းခဲ့သည့် ကြယ်ပွင့်မပြမေးခွန်း (၁၉၉)ခုအပေါ် ဝန်ကြီးဌာနအလိုက် ဖြေကြားမှု (၂၂၉)ခုတွင် ကတိမဖြစ် (၄၈)ခု၊ ကတိဖြစ်ပေါ်မှု(၁၈၁)ခုတွင် ဆောင်ရွက်ပြီး(၉၁)ခု၊ စဉ်ဆက်မပြတ်

ဆောင်ရွက်ရမည့်လုပ်ငန်းအပါအဝင် ဆောင်ရွက်ဆဲ (၁၇)ခု၊ ဆောင်ရွက်ရန်ကျန်(၇၃)ခု ရှိပါတယ်။ စုစုပေါင်း ဆောင်ရွက်ရန် (၇၃)ခုတွင် မြို့နယ်စီမံကိန်းရေးဆွဲစဉ် ကျန်ရှိသည်ဟု ဖြေကြားချက်က (၁၃)ခု၊ လျာထားချက်တွင် ထည့်သွင်းသော်လည်း၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ် ဘတ်ဂျက်အရ ကျန်ရှိသည်ဟု ဖြေကြားချက်က (၁၈)ခု၊ ၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ်တွင် ထည့်သွင်းလျာထား ဆောင်ရွက်မည်ဟု ဖြေကြားချက်က (၇)ခု၊ နေပြည်တော် (ရုံးချုပ်)သို့ တင်ပြထားသည်ဟု ဖြေကြားချက်က(၁)ခု၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ တင်ပြတောင်းခံထားသည်ဟု ဖြေကြားချက်က(၂)ခု၊ (၁၃)နှစ် စီမံကိန်းတွင် လျာထားဆောင်ရွက်မည်ဟု ဖြေကြားချက်က (၃)ခု၊ ဘဏ္ဍာငွေရရှိမှုပေါ် မူတည်၍ လျာထားဆောင်ရွက်ပေးမည်ဟု ဖြေကြားချက်က (၃)ခု၊ မြို့နယ်စီမံကိန်းလုပ်ငန်း လျာထားချက်တွင် ထည့်သွင်းပါမည်ဟု ဖြေကြားချက်က (၁၄)ခု၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၏ဦးစားပေး ဆောင်ရွက်မည်ဟု ဖြေကြားချက်က (၁)ခု၊ မြေပြင်ကွင်းဆင်းစိစစ်၍ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြမည်ဟု ဖြေကြားချက်က (၁)ခု၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲ ရေးဦးစီးဌာန၏ ထောက်ခံချက်ဖြင့် တင်ပြလာပါက အနီးစပ်ဆုံး ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားမည်ဟု ဖြေကြားချက်က (၁)ခု၊ လမ်းအဆင့်သတ်မှတ်ပြီးမှ ဆက်လက်ဆောင်ရွက်ပေးမည်ဟု ဖြေကြားချက်က (၁)ခု၊ ဓာတ်အားခွဲရုံ တည်ဆောက်ပြီးမှ ဆက်လက်ဆောင်ရွက်ပေးမည်ဟု ဖြေကြားချက်က(၇)ခု၊ တိုင်းရင်းသား လုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံမှုပြုလုပ်လိုပါက ခွင့်ပြုချက် ထုတ်ပေးနိုင်ရေး ဥပဒေနှင့်အညီ ဆောင်ရွက်ရန်ဟု ဖြေကြားချက်က (၁)ခုရှိသည်ကို တွေ့ရှိရပါတယ်။ အစည်းအဝေးကာလအလိုက် ဝန်ကြီးဌာန တစ်ခုချင်းရဲ့ ဆောင်ရွက်ရန်ကျန်များကတော့ အောက်ပါအတိုင်း ဖြစ်ပါတယ်-

| | | |
|---|---|---|
| (၁) | တရားသူကြီးချုပ်ရုံး | - |
| (၂) | လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန | ၂၅ |
| (၃) | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | - |
| (၄) | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ၁၁ |
| (၅) | လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန | ၁၈ |
| (၆) | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | - |
| (၇) | လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးဌာန | ၁၄ |
| (၈) | လူမှုရေးဝန်ကြီးဌာန | ၃ |
| (၉) | စည်ပင်သာယာရေးဝန်ကြီးဌာန | ၂ |
| (၁၀) | ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန | - |
| (၁၁) | ဥပဒေချုပ်ရုံး | - |

(ဃ) မြို့နယ်စီမံကိန်းလုပ်ငန်းလျာထားချက်များ စတင်ရေးဆွဲစဉ်ကတည်းကပင် စီမံကိန်း၌ ထည့်သွင်းရေးဆွဲရန် ကျန်ရှိခဲ့သည့်လုပ်ငန်းများကို စိစစ်တွေ့ရှိရပါတယ်။

( င ) စီမံကိန်းလုပ်ငန်းများအား ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်း ရေးဆွဲခဲ့သော်လည်း ဘဏ္ဍာငွေခွဲဝေရရှိမှုအရဖြတ်တောက်ခံရမှုကြောင့် ကျန်ခဲ့သည့်လုပ်ငန်းများကိုတွေ့ရှိရပါတယ်။ အဆိုပါလုပ်ငန်းများအား ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းရေးဆွဲမည်ဖြစ်ကြောင်း ဌာနများမှ တင်ပြချက်အရ သိရှိခဲ့ရပါတယ်။

( စ ) ဘဏ္ဍာရေးနှစ်ကို ဦးစားပေးဖော်ပြပြီး ဆောင်ရွက်ပေးမည်ဟု ကတိပြုခဲ့သော်လည်း ရန်ပုံငွေမရရှိသဖြင့် ဘဏ္ဍာရေးနှစ် ပြောင်းလဲလျာထားမှုများ စိစစ်တွေ့ ရှိရပါတယ်။

(ဆ) အချို့မေးခွန်းများအပေါ် ဖြေကြားချက်တွင် မြို့နယ်အလိုက်ဘဏ္ဍာငွေ အချိုးကျခွဲဝေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးမည်ဟု ယေဘုယျ ဖြေကြားထားပြီး ၂၀၂၀- ၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် မြို့နယ်စီမံကိန်းရေးဆွဲရာတွင် ထည့်သွင်းပေးမည်ဖြစ်ကြောင်း ဌာနများမှ တင်ပြခဲ့ကြတယ်။

(ဇ) လွှတ်တော်အစည်းအဝေးများတွင် သက်ဆိုင်ရာဝန်ကြီးများ၏ ဖြေကြားချက်များကို ဌာနဆိုင်ရာများနှင့် မြို့နယ်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေး ကော်မတီတို့က ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် ဝန်ကြီးများ၊ သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် မြို့နယ်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေး ကော်မတီတို့ ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်လျက်ရှိသည်ကို စိစစ်တွေ့ရှိရပါတယ်။

(ဈ) အချို့မေးခွန်းများအပေါ် ဝန်ကြီးများ၏ ဖြေကြားချက်တွင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိဟု ဖြေကြားထားသော်လည်း သက်ဆိုင်ရာဌာနများမှ ဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။

(ည) ဝန်ကြီးများမှ မေးခွန်းများအပေါ် ဖြေကြားရာတွင် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/ မရှိကို တိတိကျကျဖြေကြားရန် လိုအပ်မှုရှိသည်ကို စိစစ်တွေ့ရှိရပါတယ်။

(ဋ) အချို့ဌာနလုပ်ငန်းများတွင် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် ဖြေကြားခဲ့သည့် ဆောင်ရွက်ရမည့် လုပ်ငန်းများအား ဆောင်ရွက်ပေးခြင်း မရှိသေးသော်လည်း (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး မေးမြန်းချက်အပေါ်လုပ်ငန်းများ ဆောင်ရွက်ပြီးကြောင်း တွေ့ရှိရပါတယ်။

အကြံပြုတင်ပြချက်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးများတွင် မေးမြန်းခဲ့သည့် ကြယ်ပွင့်ပြ၊ ကြယ်ပွင့်မပြမေးခွန်းများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဖြေကြားချက်များအပေါ် အကြံပြုလိုသည်မှာ-

(က) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဖြေကြားခဲ့သော ဖြေကြားချက်အများစုသည် "ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ် မူတည်၍ ဆက်လက်ဆောင်ရွက်သွားမည်" "မြို့နယ်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီမှ ဦးစားပေးလိုအပ်ချက်အလိုက် ထည့်သွင်းလျာထားတင်ပြလာပါက သက်ဆိုင်ရာဘဏ္ဍာရန်ပုံငွေတွင် ထည့်သွင်းတောင်းခံသွားမည်" ဟုသာပါရှိပြီး တိကျသည့် ဖြေကြားမှုများကို မရရှိ၍ တာဝန်ယူမှု၊ တာဝန်ခံမှုမရှိသော အဖြေများကြောင့် ကတိကဝတ် ဖြစ်/မဖြစ် ဆုံးဖြတ်ရန် ခက်ခဲပါသဖြင့် ဖြေကြားမှုများသည် တိကျမှုရှိရန် လိုအပ်ပါကြောင်း၊

(ခ) မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီ အစည်းအဝေးများတွင် သက်ဆိုင်ရာမြို့နယ်ရှိ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ ဆောင်ရွက်လိုသည့် လုပ်ငန်းများအား ထည့်သွင်းရေးဆွဲနိုင်ရေး သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သင့်ပါကြောင်း၊

(ဂ) မေးခွန်းအချို့တွင် ပြည်နယ်အစိုးရအဖွဲ့မှ ဆောင်ရွက်ပေးမည်ဟု ကတိကဝတ်ပြုခဲ့သော်လည်း ကွင်းဆင်းစိစစ်ရာတွင် လုပ်ဆောင်၍မရသည့် လုပ်ငန်းများဖြစ်ကြောင်း တွေ့ရှိရပါက ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များထံသို့ ပြည်နယ်လွှတ်တော်ရုံးမှတစ်ဆင့် စာဖြင့်အသိပေး၍ ပြန်လည်ရှင်းလင်းသင့်ပါကြောင်း၊

(ဃ) လွှတ်တော်အစည်းအဝေး ကျင်းပပြီးတိုင်း အဆိုနှင့် မေးခွန်းများအပေါ် ဖြေကြားရှင်းလင်းခဲ့မှုများမှာ ကတိကဝတ် ဖြစ်/ မဖြစ်နှင့် ပတ်သက်၍ ကော်မတီနှင့် အစိုးရအဖွဲ့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သင့်ကြောင်း၊

(င) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် သုံးစွဲမည့်ကိစ္စရပ်များအား ပြည်ထောင်စုသို့ တင်ပြရာတွင် လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းချက်အပေါ် ဖြေကြားသည့်ကတိကဝတ်ကိစ္စရပ်များဖြစ်ကြောင်း ထည့်သွင်းဖော်ပြသင့်ပါကြောင်း။

ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီအနေဖြင့် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ ကော်မတီအား သတ်မှတ်ပေးအပ်ထားသည့် တာဝန်များနှင့်အညီ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်မှု၊ သက်ဆိုင်ရာဌာန/ အဖွဲ့အစည်းများနှင့် ညှိနှိုင်းမှုမှရရှိသည့်ဖြေကြားချက်များဖြင့် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း အစီရင်ခံတင်ပြအပ်ပါတယ်ရှင်။

# ရှမ်းပြည်နယ်စာရင်းစစ်ချုပ်ရုံးမှတင်ပြသည့် ၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာလထိ) လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြခြင်း။



ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ၊အခန်း(၄)ပုဒ်မ ၂၅နှင့် ၂၆ ပါပြည်နယ်စာရင်းစစ်ချုပ်၏တာဝန်နှင့်လုပ်ပိုင်ခွင့်များအရ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေ ငွေစာရင်းပါ ရငွေများ ပြည့်ဝစွာရရှိစေရန် ဆောင်ရွက်ခြင်း ရှိ/ မရှိနှင့် သုံးစွဲခွင့်ပြုထားသည့် ငွေကြေးများကို ထိရောက်စွာအသုံးပြု/ မပြု စစ်ဆေးခြင်း၊ ပြည်နယ်အဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊အစိုးရဌာန၊အစိုးရအဖွဲ့အစည်းများ၏လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများသည်ပြည်သူတို့အတွက် အမှန်တကယ် အကျိုးသက်ရောက်မှု ရှိ/ မရှိ စစ်ဆေးခြင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ပြည်နယ်ဝန်ကြီးချုပ်ကပေးအပ်သည့် အခြားတာဝန်များ ထမ်းဆောင်ခြင်းနှင့် မိမိ၏ ဆောင်ရွက်ချက်များကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်လွှတ်တော်သို့ အစီရင်ခံစာတင်ပြခြင်းဖြစ်ပါတယ်။

## ရသုံးခန့်မှန်းခြေငွေစာရင်းအကောင်အထည်ဖော်မှု

၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာလထိ) (ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေ) ရသုံး ခန့်မှန်းခြေငွေစာရင်း အကောင်အထည်ဖော်မှုကို အောက်တွင်ဖော်ပြထားပါတယ် –

ရငွေတွင် ပြုပြင်ပြီးခန့်မှန်းခြေ အပြီးသတ်ခွင့်ပြုငွေ ကျပ် ၁၁၇,၄၆၅.၀၉၆ သန်းမှာ အမှန်ရငွေ ကျပ် ၁၂၂,၈၅၉.၃၄၉ သန်း ဖြစ်တဲ့အတွက်ကြောင့် ပိုရငွေ ကျပ် ၅,၃၉၄.၂၅၃ သန်း ဖြစ်ပါတယ်။ အဲဒီရငွေထဲတွင် အခွန်ရငွေ၊ သာမန်ရငွေ၊ ငွေလုံးငွေရင်းရငွေ၊ ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ငွေများ ဖြစ်ပါတယ်။

အသုံးစရိတ်တွင် သာမန်အသုံးစရိတ်နဲ့ ငွေလုံးငွေရင်းအသုံးစရိတ် စုစုပေါင်းမှာဆိုရင် ကျပ် ၁၁၆,၈၀၂.၅၉၅ သန်း ဖြစ်ပြီး၊ အမှန်အသုံးစရိတ်က ကျပ် ၁၁၆,၈၀၁.၀၁၇ သန်းဖြစ်တဲ့ အတွက်ကြောင့် ပိုလျှံငွေ ကျပ် ၁.၅၇၈ သန်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

## ဘတ်ဂျက်လိုငွေအခြေအနေ

ရှမ်းပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေတွင် မူလခန့်မှန်းခြေစာရင်းအရ ရငွေ ကျပ်သန်း ၁၂,၀၉၅.၇၇၈ ၊ သုံးငွေ ကျပ်သန်း ၁၁၇,၄၆၅.၀၉၆ ဖြစ်ပြီး ဘတ်ဂျက်လိုငွေ ကျပ်သန်း ၁၀၅,၃၆၉.၃၁၈ ဖြစ်သော်လည်း စက်တင်ဘာလအပြီးသတ်စာရင်းအရ အမှန်အကောင်အထည်ဖော်ရာတွင် ရငွေ ကျပ်သန်း ၁၇,၄၉၀.၁၃၁၊ သုံးငွေ ကျပ်သန်း ၁၁၆,၈၀၁.၀၁၇ ဖြစ်သဖြင့် ဘတ်ဂျက်လိုငွေ ကျပ်သန်း ၉၉,၃၁၀.၉၈၆ ဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရှိရပါတယ်။ မူလခန့်မှန်းခြေစာရင်းထက် စက်တင်ဘာလအပြီးသတ်စာရင်းတွင်

ဘတ်ဂျက်လိုငွေ ကျပ်သန်း ၆,၀၅၈.၃၃၂ လျော့နည်းရခြင်းမှာ ရငွေတွင် ကျပ်သန်း ၅,၃၉၄.၂၅၃ ပိုမိုရရှိခဲ့ခြင်းနှင့် သုံးငွေတွင် ကျပ်သန်း ၆၆၄.၀၇၉ လျော့နည်းသုံးစွဲခဲ့ခြင်းတို့ကြောင့် ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

## ရှမ်းပြည်နယ်၏ ရငွေများ

၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာလထိ) မူလရငွေလျာထားချက် ကျပ်သန်း ၁၂,၀၉၅.၇၇၈ တွင် စက်တင်ဘာလထိ အပြီးသတ်စာရင်းအရ အမှန်ရငွေ ကျပ်သန်း ၁၇,၄၉၀.၀၃၁ ဖြစ်၍ ကျပ်သန်း ၅,၃၉၄.၂၅၃ ပိုမိုရရှိခဲ့ပါတယ်။ အဲဒီမှာ အခွန်အကောက် ရငွေတွင် ကျပ်သန်း ၅၂၄.၉၂၈၊ သာမန်ရငွေတွင် ကျပ်သန်း ၄,၈၆၁.၂၈၄၊ ငွေလုံးငွေရင်းရငွေတွင် ကျပ်သန်း ၈.၀၄၁ ပိုမိုရရှိခဲ့ခြင်းကြောင့် ဖြစ်ပါတယ်။ သာမန်ရငွေတွင် ကျပ်သန်း ၄,၈၆၁.၂၈၄ ပိုမိုရရှိခြင်းမှာ သာမန်ရငွေ၌ ကျပ်သန်း ၅,၀၆၂.၈၁၆ ပိုမိုရရှိခြင်းနှင့် အခွန်ဝေစု၌ ကျပ်သန်း ၂၀၁.၅၃၂ လျော့နည်းရရှိခြင်းတို့၏ အသားတင်ဖြစ်ကြောင်း တွေ့ရှိရပါတယ်။

## သာမန်ရငွေ

သာမန်ရငွေအနေဖြင့် မူလခန့်မှန်းခြေ ကျပ်သန်း ၁၀,၆၆၇.၉၁၉ လျာထားခဲ့ပြီး စက်တင်ဘာလ အပြီးသတ်စာရင်းအရ ရငွေ ကျပ်သန်း ၁၅,၅၂၉.၂၀၃ ရရှိခဲ့သဖြင့် မူလ ခန့်မှန်းခြေအပေါ် ၁၄၅.၅၇ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါတယ်။ ဌာနအဖွဲ့အစည်းများ၏ လျာထားချက်ထက်ကျော်လွန်ရရှိမှု အခြေအနေကိုစိစစ်ရာတွင်

- မူလခန့်မှန်းခြေလျာထားရာတွင် ကောက်ခံရရှိနိုင်မှုအရ အပြည့်အဝလျာထားမှု မရှိခြင်း၊
- ရသင့်ရထိုက်သည့်ရငွေများ ပြည့်စုံစွာထည့်သွင်းလျာထားမှု မရှိခြင်း၊
- လျာထားသည့်ရငွေများ ပြည့်ဝစွာရရှိအောင် ဆောင်ရွက်နိုင်မှုမရှိခြင်း၊
- ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေစာရင်း ရေးဆွဲမှုနှင့် အကောင်အထည်ဖော်မှု အားနည်းကြောင်း တွေ့ရှိရပါတယ်။

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ရငွေ

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ရငွေနှင့် စပ်လျဉ်း၍ ၁-၄-၂၀၁၈ ရက်နေ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ အပ်ငွေစာရင်းလက်ကျန်မှာ ဘတ်ဂျက်လိုငွေ ကျပ်သန်း ၂,၇၂၃. ၉၂၁ ဖြစ်ပြီး ၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာလထိ) ထောက်ပံ့ငွေ ကျပ်သန်း ၁၀၅,၃၆၉.၃၁၈ ရရှိခဲ့ပါတယ်။ စက်တင်ဘာလ အပြီးသတ်စာရင်းအရ ကျပ်သန်း ၁၀၃,၆၀၂ .၅၄၅ သုံးစွဲခြင်း တို့ကြောင့် ၃၀-၉-၂၀၁၈ ရက်နေ့တွင် ဘတ်ဂျက်လိုငွေ ကျပ်သန်း ၉၅၇.၁၄၈ ဖြစ်ပေါ်ကြောင်း တွေ့ရှိရပါတယ်။

## ရှမ်းပြည်နယ်၏ သုံးငွေများ

ရှမ်းပြည်နယ်၏ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်သော ဌာနအဖွဲ့အစည်းများ၏ မူလ ခန့်မှန်းခြေစာရင်းအရ ကျပ်သန်း ၁၁၇,၄၆၅.၀၉၆ ဖြစ်ပြီး စက်တင်ဘာလအပြီးသတ်စာရင်းအရ အမှန်သုံးစွဲငွေ ကျပ်သန်း ၁၁၆,၈၀၁.၀၁၇ ဖြစ်၍ မူလခန့်မှန်းခြေ၏ ၉၉.၄၃ ရာခိုင်နှုန်း သုံးစွဲခဲ့ကြောင်းတွေ့ရှိရပါတယ်။

မူလခန့်မှန်းခြေစာရင်းထက် ပြည်နယ်ဥပဒေချုပ်ရုံး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သမဝါယမဦးစီးဌာန၊ သတ္တုတွင်းဦးစီးဌာန (ဆားလုပ်ငန်းဌာနခွဲ)၊ လမ်းဦးစီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းနှင့် ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာနတို့မှအပ ကျန် ၁၈ ရုံးက လျော့နည်းသုံးစွဲခဲ့ခြင်းကြောင့် ဖြစ်ပါတယ်။

## အသုံးစရိတ်ခွင့်ပြုငွေနှင့် ပိုလျှံငွေပြန်လည်အပ်နှံမှု

၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာလထိ) ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်သော ဌာနအဖွဲ့အစည်းများ၏ မူလခန့်မှန်းခြေစာရင်းအရ အသုံးစရိတ်ခွင့်ပြုငွေ ကျပ်သန်း ၁၁၇,၄၆၅.၀၉၆ မှ ပိုလျှံငွေ ကျပ်သန်း ၃,၆၈၇.၄၇၆၊ အထွေထွေပိုလျှံရန်ပုံငွေမှ လွှဲပြောင်းသုံးစွဲငွေ ကျပ်သန်း ၃,၀၄၇.၀၂၆ မှ ပိုလျှံငွေ ကျပ်သန်း ၂၂.၀၅၁ ၊ စုစုပေါင်း အသုံးစရိတ်ခွင့်ပြုငွေ ကျပ်သန်း ၁၂၀,၅၁၂.၁၂၂ မှ ပိုလျှံငွေ ကျပ်သန်း ၃,၇၀၉.၅၂၇ ပြန်လည်အပ်နှံခဲ့ကြောင်း တွေ့ရှိရပါတယ်။ ၂၀၁၈ ခုနှစ် (ဧပြီလမှစက်တင်ဘာလထိ) ခွင့်ပြုထားသောအသုံးစရိတ်များမှ ပိုလျှံငွေ စာရင်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၁- ၅- ၂၀၁၈ ရက်စွဲပါစာအရ ရှမ်းပြည်နယ် အထွေထွေပိုလျှံရန်ပုံငွေစာရင်း(GRF)သို့ ပထမအကြိမ် ၃၁-၈-၂၀၁၈ ရက်နေ့နှင့် ဒုတိယအကြိမ် ၃၀-၉-၂၀၁၈ ရက်နေ့များတွင် ပြန်လည်အပ်နှံရန် အကြောင်းကြားချက်အရ ပထမအကြိမ်တွင် ကျပ်သန်း ၃,၀၄၉.၃၈၆ နှင့် ဒုတိယအကြိမ်တွင် ကျပ်သန်း ၆၆၀.၁၄၁ ၊ စုစုပေါင်း ကျပ်သန်း ၃,၇၀၉.၅၂၇ အပ်နှံခဲ့ပါတယ်။

## ရှမ်းပြည်နယ်၏ သာမန်ရငွေစုစုပေါင်းနှင့် အခွန်အကောက်ရငွေ

၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာလထိ)အတွက် စက်တင်ဘာလ အပြီးသတ်စာရင်းအရ သာမန်ရငွေ ကျပ်သန်း ၁၇,၄၈၁.၉၉၀ တွင် အခွန်အကောက်ရငွေ ကျပ်သန်း ၁,၉၅၂.၇၈၇ ပါဝင်သဖြင့် ၁၁.၁၇ % သာရရှိကြောင်း တွေ့ရှိရပါတယ်။

## အခွန်အမျိုးအစားအလိုက် ကောက်ခံရရှိမှု

၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာလထိ)အတွက် အခွန်အမျိုးအစားအလိုက် ကောက်ခံရန် မူလခန့်မှန်းခြေစာရင်းအရ ကျပ်သန်း ၁,၄၂၇.၈၅၉ ဖြစ်ပြီး စက်တင်ဘာလ အပြီးသတ်စာရင်းအရ ကျပ်သန်း ၁,၉၅၂.၇၈၇ ဖြစ်၍ ၁၃၆.၇၆% အကောင်အထည်ဖော် နိုင်ခဲ့ပါတယ်။ အခွန်အမျိုးအစားအလိုက်ကောက်ခံရန် လျာထားမှုနှင့် အမှန်ကောက်ခံရရှိမှုကို စိစစ်ရာ သစ်တောများမှ ပစ္စည်းများထုတ်ယူသည့်အခွန်တွင် လျာထားချက်၏ ၅၅.၀၃% နှင့် ရေခွန်နှင့်တာတမံခွန်တွင် ၃၀.၅၃ % သာ အကောင်အထည်ဖော်နိုင်ကြောင်းတွေ့ရှိရပါတယ်။

## ပြည်ထောင်စုမှ အခွန်ဝေစုခွဲဝေပေးမှု

၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာလထိ) ပြည်ထောင်စုမှ အခွန်ဝေစုရရှိရန် လျာထားမှုမှာ ကျပ်သန်း ၂,၁၄၈.၃၉၆ ဖြစ်ပြီး အမှန်ခွဲဝေရရှိမှုမှာ ကျပ်သန်း ၁,၉၄၆.၈၆၄ ဖြစ်၍ ကျပ်သန်း ၂၀၁.၅၃၂ လျော့နည်းရရှိကြောင်း ဖော်ပြအပ်ပါတယ်။

ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်နှင့် ၂% အပိုတံဆိပ်ခေါင်းခွန်တို့အတွက် အခွန်ဝေစုကို လျာထားသည့်အတိုင်းရရှိပြီး အထူးကုန်စည်ခွန်အတွက် လျာထားချက်ထက် ကျပ်သန်း ၂၀၁.၅၃၂ လျော့နည်းရရှိခြင်းကြောင့် ဖြစ်ပါတယ်။

## ကဏ္ဍအလိုက် ရည်မှန်းချက်နှင့် အကောင်အထည်ဖော်နိုင်မှု

၂၀၁၈ ခုနှစ်(ဧပြီလမှစက်တင်ဘာလထိ)အတွင်း ကဏ္ဍကြီး ၃ ရပ်ဖြင့် အကောင်အထည်ဖော် ရာတွင်

- လယ်ယာကဏ္ဍကြီး၌ ကျပ်သန်း ၅၉၆,၆၉၄.၇၀၀
- စက်မှုကဏ္ဍကြီး၌ ကျပ်သန်း ၂၆၂,၄၄၁.၇၀၀
- ဝန်ဆောင်မှုကဏ္ဍကြီး၌ ကျပ်သန်း ၆၉၈,၁၁၄.၂၀၀
- စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး ကျပ်သန်း ၁,၅၅၇,၂၅၀.၆၀၀
- စီမံကိန်းရည်မှန်းချက်အရ ကျပ်သန်း ၁,၄၈၂,၄၀၂.၇၀၀

ဖြစ်၍ အကောင်အထည်ဖော်နိုင်မှုမှာ ၁၀၅.၀၅ % ရှိကြောင်း တွေ့ရှိရပါတယ်။

## စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP)

စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတိုးတက်မှုနှုန်းတွင် ၂၀၁၈ ခုနှစ် (ဧပြီလမှစက်တင်ဘာလထိ) ပုံမှန်ဈေးနှုန်းအရ ၅.၈ % တိုးတက်ရန် ရှမ်းပြည်နယ်ဒေသန္တရ စီမံကိန်းဥပဒေအရ လျာထားခဲ့သော်လည်း စက်တင်ဘာလ အပြီးသတ်စာရင်းအရ ၇.၈ % တိုးတက်လာကြောင်းတွေ့ရပါတယ်။

## နိုင်ငံတော်သို့ ပြန်လည်ပေးသွင်းမှု

၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာလထိ) (ပြည်နယ်ဘဏ္ဍာရန်ပုံငွေ) လုပ်ငန်းနှင့် စာရင်းများ စစ်ဆေးတွေ့ရှိချက်အရ နိုင်ငံတော်သို့ ပြန်လည်ပေးသွင်းတဲ့နေရာမှာ ဗဟို အဖွဲ့အစည်း(၄)ခုဖြစ်တဲ့ ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ပြည်နယ်လွှတ်တော်ရုံး၊ ပြည်နယ်တရား လွှတ်တော်ချုပ်ရုံး၊ ပြည်နယ်ရှေ့နေချုပ်ရုံးတို့ကနေ စုစုပေါင်းပေးသွင်းငွေမှာ ကျပ် ၁၀.၇၉၀ သန်း အားလုံး ပေးသွင်းပြီး ဖြစ်ပါတယ်။

ဝန်ကြီးဌာနမှာ ဝန်ကြီးဌာန(၉)ခုရှိပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ စည်ပင်သာယာရေးဝန်ကြီးဌာန (၉)ခုကနေ စုစုပေါင်း ကျပ်သန်း ၄၃.၀၆၈ ပေးသွင်းဖို့ရှိပြီး အားလုံးပေးသွင်းပြီး ဖြစ်ပါတယ်။ စုစုပေါင်း ပေးသွင်းငွေကတော့ ကျပ်သန်း ၅၃.၈၅၈ သန်းဖြစ်ပြီးတော့ အားလုံးပေးသွင်းပြီး ဖြစ်ကြောင်း လွှတ်တော်သို့ တင်ပြခဲ့ပါသည်။

# ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်က ကော်မတီ၏ အစီရင်ခံစာအား လွှတ်တော်သို့ တင်ပြခြင်း



ကျွန်တော်တို့ ဒီကနေ့ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို (၂၀)မိနစ်ခန့် ကျွန်တော် ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ယနေ့ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးကို တက်ရောက်လာတဲ့ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ်ဥပဒေချုပ်၊ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်၊ ရှမ်းပြည်နယ်လွှတ်တော် ကော်မတီဥက္ကဋ္ဌများနဲ့ ကော်မတီဝင်များ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်တို့ လွှတ်တော်ရဲ့ အဓိကတာဝန်ကတော့ ဥပဒေပြုခြင်း၊ ကိုယ်စားပြုခြင်း၊ စောင့်ကြည့်ထိန်းကျောင်းခြင်းတို့ ဖြစ်ကြပြီးတော့ ရှမ်းပြည်နယ်လွှတ်တော်အနေနဲ့ ဥပဒေပြုခြင်း အခန်းကဏ္ဍကို အလေးအနက်ထား ဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေတို့နှင့်အညီ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေး ဆိုင်ရာ ကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့တာ ဖြစ်ပါတယ်။

ကော်မတီဖွဲ့စည်းတာဝန်ပေးအပ်ခြင်းမှာလည်း ကျွန်တော်တို့ဒုတိယကြိမ်ရှမ်းပြည်နယ်လွှတ်တော်ဥပဒေပြုရေးဆိုင်ရာ ကော်မတီကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၆)ရက်နေ့တွင် ကျင်းပသော ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေး (တတိယနေ့)၌ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၂၃၊ ၂၄ နှင့် နည်းဥပဒေ ၆၂ အရ လွှတ်တော်၏ အတည်ပြုချက်ဖြင့် ကော်မတီဝင် (၁၁)ဦး ပါဝင်ဖွဲ့စည်းခဲ့ပါတယ်။ ကျွန်တော်တို့ ကော်မတီဝင် အစားထိုး၊ ဖြည့်စွက်ခြင်းနဲ့ ပတ်သက်ပြီး (၁၄-၇-၂၀၁၆)ရက်နေ့ ဒုတိယပုံမှန်အစည်းအဝေးမှာ တစ်ကြိမ်၊(၁၈-၁၂-၂၀၁၈) ရက်နေ့(၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ တစ်ကြိမ်ဆောင်ရွက်ခဲ့ပါတယ်။ ကျွန်တော်တို့ ကော်မတီဝင် (၁၁)ဦးရဲ့ အမည်စာရင်း များဖြစ်ပါတယ် -

| | | | |
|---|---|---|---|
| (က) | ဦးစဝ်အောင်မြတ် (ခ) ဦးအောင်မြတ် | ရွာငံ (၂) | ဥက္ကဋ္ဌ |
| (ခ) | ဦးစိုင်းအောင်ကျော်ဦး | ကွန်ဟိန်း (၂) | အဖွဲ့ဝင် |
| (ဂ) | ဦးခွန်ဒီဂေါလ် | လွိုင်လင် (၁) | အဖွဲ့ဝင် |
| (ဃ) | ဦးစိုင်းအောင်မျိုးကျော် | လင်းခေး (၁) | အဖွဲ့ဝင် |
| (င) | ဦးစိုင်းထွန်းဉာဏ် | ကျောက်မဲ (၂) | အဖွဲ့ဝင် |
| (စ) | ဦးအောင်ထွဏ်း | နမ့်ဆန် (၂) | အဖွဲ့ဝင် |
| (ဆ) | ဦးမောင်မောင် | ပြည်နယ်ဥပဒေချုပ်(ငြိမ်း) | အဖွဲ့ဝင် |
| (ဇ) | ဦးမောင်ညို | မဘိမ်း (၁) | အဖွဲ့ဝင် |
| (ဈ) | ဒေါ်မေရီနျို့ | ဖယ်ခုံ (၁) | အဖွဲ့ဝင် |
| (ည) | ဒုတိယဗိုလ်မှူးကြီး လှိုင်းထွန်းအောင် | ကြည်း-၂၃၈၂ | အဖွဲ့ဝင် |
| (ဋ) | ဦးညီညီ(ခ) ဦးညီလေးချမ်း | ပင်းတယ (၂) | အတွင်းရေးမှူး |

အဲဒီမှာလည်းကြည့်လိုက်မယ်ဆိုရင် ကျွန်တော်တို့ ကော်မတီမှာ ပါတီပေါင်းစုံက တိုင်းရင်းသားပေါင်းစုံတွေအာလုံး ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အားလုံးစုံစုံညီညီနဲ့ပါဝင်ပြီးတော့ ဆောင်ရွက်နေတာကို အားလုံး တွေ့ရှိနိုင်မှာ ဖြစ်ပါတယ်။ ပြင်ပပုဂ္ဂိုလ်အနေနဲ့ကတော့ အရင်ပြည်နယ်ဥပဒေချုပ်(ငြိမ်း) ဦးမောင်မောင်တစ်ယောက်ပဲ ပါဝင်တာဖြစ်ပါတယ်။ ကျန်တာအားလုံးတော့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဖွဲ့စည်းထားတာဖြစ်ပါတယ်။ ကျွန်တော်တို့ ဥပဒေပြုရေးဆိုင်ရာ ဆောင်ရွက်ချက်များအနေနဲ့ကတော့ ရှမ်းပြည်နယ်လွှတ်တော်ရဲ့အဓိကတာဝန်တွေကို ဆောင်ရွက်တဲ့နေရာမှာ ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ မဏ္ဍိုင်ကြီး(၃)ရပ်ဖြစ်တဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးတို့သည် အချင်းချင်းအပြန်အလှန် ထိန်းကျောင်းသည့်ဆိုခြင်းကို လက်ခံကျင့်သုံးလာသည်နှင့်အမျှ မဏ္ဍိုင်ကြီး(၃)ရပ်၏ လုပ်ငန်းထိရောက် အောင်မြင်မှုသည် ပိုမိုမြင့်မားလာမှာ ဖြစ်ပါတယ်။ အပြန်အလှန်နားလည်မှုဖြင့် ပူးပေါင်း ဆောင်ရွက်မည်ဆိုပါက မဏ္ဍိုင်ကြီး(၃)ရပ်လုံးသည် အပြန်အလှန်အကျိုးရှိသွားမှာ ဖြစ်ပါတယ်။ လူထုဆန္ဒ၊ လူထုသဘောထားကို အခြေခံခြင်းတို့ကြောင့် ထိန်းကျောင်းခြင်းနဲ့ ပူးပေါင်းဆောင်ရွက်ခြင်းတို့၏ အလေ့အကျင့်များကို ကျွန်တော်တို့ တိုးမြှင့် ဆောင်ရွက်သွားရကြရမှာ ဖြစ်ပါတယ်။

လွှတ်တော်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်အောင်မြင်လာဖို့အတွက်ကို မဟာဗျူဟာစီမံကိန်းများရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတဲ့နေရာမှာ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သက်တမ်းကာလအတွင်း ဥပဒေများ၊ နည်းဥပဒေများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လက်စွဲများရေးဆွဲ၍ လွှတ်တော်၏ကဏ္ဍ(၃)ရပ်ဖြစ်တဲ့ ဥပဒေပြုခြင်း၊ ကိုယ်စားပြုခြင်း၊ ထိန်းကျောင်း/ ထိန်းညှိခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

တစ်ဆက်တည်းမှာပဲကျွန်တော်တို့ရှမ်းပြည်နယ်လွှတ်တော်သည်ပြည်သူလူထု၏လတ်တလောနှင့်ရေရှည်အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေးကိုရည်ရွယ်ပြီး တည်ငြိမ်အေးချမ်းရေးအတွက် ဥပဒေများရေးဆွဲခြင်းနှင့် ပြဋ္ဌာန်းထားတဲ့ဥပဒေများကို ပြန်လည်သုံးသပ်ခြင်း၊ ရေးဆွဲပြီးသော ဥပဒေများသည် ပြည်သူ/ ပြည်သားများအတွက် အမှန်တကယ်အကျိုးစီးပွား ဖြစ်ထွန်းစေခြင်း ရှိ/ မရှိ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နေသော အစိုးရအဖွဲ့၏ လုပ်ငန်းဆောင်ရွက်နေမှုများအား ထိန်းညှိခြင်းနှင့် ပြည်သူ၏ဆန္ဒ၊ လိုအပ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် ပြည်သူနှင့် အပြန်အလှန် ပိုမိုထိတွေ့ရင်းနှီးမှုများရရှိအောင် ဆောင်ရွက်လျက်ရှိပါတယ်။

ပြဋ္ဌာန်းသည့်ဥပဒေများ အသက်ဝင်မှုရှိစေရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းအား ပိုမိုအားကောင်းလာစေရန် အပြန်အလှန် ပေါင်းစပ်ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း၊ ပြဋ္ဌာန်းပြီးသည့် ဥပဒေများအသက်ဝင်မှု ရှိ/ မရှိ၊ ပြည်သူလူထုမှ အမှန်တကယ်လိုက်နာကျင့်သုံးမှု ရှိ/ မရှိ၊ ပြည်သူလူထုအတွင်း ကွင်းဆင်း လေ့လာသုံးသပ် ဆောင်ရွက်လျက်ရှိပါတယ်။

ကော်မတီအစည်းအဝေး ကျင်းပမှုအခြေအနေနဲ့ပတ်သက်ပြီး တင်ပြရမယ်ဆိုရင် ကျွန်တော်တို့ ဥပဒေပြုရေးဆိုင်ရာကော်မတီအနေဖြင့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းလာသည့် ဥပဒေများကို ရှမ်းပြည်နယ်အတွင်းရှိ ပြည်သူလူထုနှင့် အစိုးရဌာနဆိုင်ရာများအတွက် ကောင်းမွန်ပြည့်စုံစေသည့် ဥပဒေများဖြစ်စေရေးအတွက် ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၅ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကော်မတီအစည်းအဝေးများကို အောက်ပါအတိုင်း ကျင်းပနိုင်ခဲ့ပါတယ်-

| | | |
|---|---|---|
| (က) | ၂၀၁၆ ခုနှစ်တွင် အစည်းအဝေးကျင်းပနိုင်မှု | (၄) ကြိမ် |
| (ခ) | ၂၀၁၇ ခုနှစ်တွင် အစည်းအဝေးကျင်းပနိုင်မှု | (၅) ကြိမ် |
| (ဂ) | ၂၀၁၈ ခုနှစ်တွင် အစည်းအဝေးကျင်းပနိုင်မှု | (၈) ကြိမ် |
| (ဃ) | ၂၀၁၉ ခုနှစ်တွင် အစည်းအဝေးကျင်းပနိုင်မှု | (၈) ကြိမ် |
| | စုစုပေါင်း | (၂၅) ကြိမ်ဖြစ်ပါတယ်။ |

အများပြည်သူနှင့်သက်ဆိုင်သည့် ဥပဒေများအပေါ် ပြည်သူလူထုကြားနာပွဲကျင်းပမှု အခြေအနေနဲ့ပတ်သက်လို့ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေနဲ့ပတ်သက်ပြီး ပြည်သူလူထုကြားနာပွဲ ပြုလုပ်ခဲ့ပါတယ်။ ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေကို ဥပဒေအမှတ်(၁၀)ဖြင့် (၁၁.၉.၂၀၁၃)ရက်နေ့တွင် အတည်ပြုခဲ့ပြီးဖြစ်သော်လည်း (၆)နှစ်ကြာသည့်တိုင်အောင် နည်းဥပဒေထုတ်ပြန်ကြေညာနိုင်ခြင်းမရှိဘဲ Bye Law (၂၄)ခုဖြင့် စည်ပင်သာယာရေးလုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်အတွက် ပြည်သူလူထုကြားနာပွဲများကို (၁.၁၁.၂၀၁၈)ရက်နေ့မှ (၃.၁၁.၂၀၁၈) ရက်နေ့အထိ ရှမ်းပြည်နယ် လွှတ်တော်၊ ကျားခေါင်းအစည်းအဝေးခန်းမတွင် NDI ရဲ့ပံ့ပိုးကူညီမှုဖြင့် ကျင်းပပြုလုပ်ခဲ့ပါတယ်။ ပြည်သူလူထုကြားနာပွဲတွင် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီဝင်များ၊ ရေးရာကော်မတီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ ဌာနဆိုင်ရာများ၊ စည်ပင်သာယာရေးဌာနနှင့် ကော်မတီဝင်များ၊ မြို့ကြီး(၃)မြို့အပါအဝင် မြို့မိ/ မြို့ဖများ၊ စက်မှုလက်မှု လုပ်ငန်းရှင်များ၊ ဈေးအကျိုးတော်ဆောင်နှင့် ဈေးဆိုင်ခန်းပိုင်ရှင်များ၊ တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းရှင်များ၊ ဝန်ဆောင်မှုလုပ်ငန်းရှင်များအားလုံး ပါဝင်တက်ရောက် ဆွေးနွေးခဲ့ကြတာဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေအပေါ် ဆွေးနွေးမှု ရလဒ်အနေဖြင့် ဥပဒေအပေါ်ပြင်ဆင်သင့်သည့်အချက်(၁၄)ချက်၊ ဖြည့်စွက်သင့်သည့်အချက် (၅)ချက်၊ နည်းဥပဒေရေးဆွဲရာတွင် ဖော်ပြသင့်သည့်အချက် (၂၁)ချက်ရရှိခဲ့ပြီး ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလအတွင်းမှာ လွှဲပြောင်းပေးပို့ခဲ့ပြီးဖြစ်ပါတယ်။

နောက်ပြီး အင်းလေးကန်ထိန်းသိမ်းကာကွယ်ရေး ဥပဒေ(မူကြမ်း)နဲ့ပတ်သက်ပြီး ပြည်သူလူထုကြားနာပွဲများကို ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီမှာ အင်းလေးကန်ဒေသထိန်းသိမ်း ကာကွယ်ရေးဥပဒေ(မူကြမ်း)ကို ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)နှင့် (၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၂) ဦးက (၁၃)ကြိမ်မြောက်ပုံမှန် အစည်းအဝေးတွင် တင်သွင်းခဲ့တာဖြစ်ပါတယ်။ အဆိုပါဥပဒေ(မူကြမ်း)နှင့်ပတ်သက်၍ ပြည်သူလူထုကြားနာပွဲကို(၅.၆.၂၀၁၉) ရက်နေ့မှ (၇.၆.၂၀၁၉)ရက်နေ့အထိ ရှမ်းပြည်နယ်လွှတ်တော်ရုံး၊ ကျားခေါင်းအစည်းအဝေးခန်းမမှာပဲ UNDP ရဲ့ပံ့ပိုးကူညီမှုဖြင့် ကျင်းပပြုလုပ်နိုင်ခဲ့ပါတယ်။ ပြည်သူလူထုကြားနာပွဲတွင် ကျွန်တော်တို့ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီဝင်များ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အင်းလေးကန် ရေဝေ/ ရေလဲဒေသရှိ မြို့နယ်(၁၀) မြို့နယ်မှ အုပ်ချုပ်ရေးမှူးများ၊ လုပ်ငန်းရှင်များ၊ မြို့မိ/ မြို့ဖများ၊ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များအားလုံး ပါဝင်တက်ရောက်ဆွေးနွေးပေးခဲ့ကြတာဖြစ်ပါတယ်။ အင်းလေးကန်ဒေသထိန်းသိမ်းကာကွယ်ရေးဥပဒေ(မူကြမ်း)အပေါ် ဆွေးနွေးမှုရလဒ်အနေဖြင့် ပြင်ဆင်သင့်သည့်အချက်(၄၆)ချက်၊ ဥပဒေမူကြမ်းနှင့်ပတ်သက်သည့် အကြံပြုချက် (၁၀၇)ချက် ရရှိခဲ့ပါတယ်။ ကြားနာပွဲရလဒ်အပေါ်အခြေခံ၍ ပြင်ဆင်သင့်သည့်အချက်များအား ထည့်သွင်းစဉ်းစားပြီး ဥပဒေ(မူကြမ်း) ကိုပြင်ဆင်ဖြည့်စွက်ခဲ့ရာ ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (စတုတ္ထနေ့) (၁၉.၁၂.၂၀၁၉) ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပြီးဖြစ်ပါတယ်။

ဥပဒေပြုခြင်းဆိုင်ရာ ဆောင်ရွက်ချက်အနေနဲ့ကတော့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ကို ဒေသန္တရစီမံကိန်း ဥပဒေ (မူကြမ်း) (၄)ခု၊ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ (မူကြမ်း) (၈)ခုနှင့် အများပြည်သူနှင့်ဆိုင်သော ဥပဒေ(မူကြမ်း) (၁၅)ခု၊ စုစုပေါင်း (၂၇)ခု တင်သွင်းခဲ့တာဖြစ်ပါတယ်။ ဥပဒေပြုခြင်းဆိုင်ရာဆောင်ရွက်ချက်တွေအနေနဲ့ အဲဒီဥပဒေတွေ အပေါ်မှာ အတည်ပြုပြဋ္ဌာန်းနိုင်တာ (၂၃)ခုရှိထားပြီးဖြစ်ပါတယ်။ အမိန့်ကြော်ငြာစာအဖြစ် ပြောင်းလဲထုတ်ပြန်တာ(၁) ခု၊ ဆွေးနွေးဆဲဥပဒေက (၁)ခု၊ (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှာတင်သွင်းပြီး ဆက်လက်ဆောင်ရွက်ရန်ကျန်တဲ့ ဥပဒေ(မူကြမ်း)ကတော့(၂)ခုဖြစ်ပါတယ်။အဲတော့ကျွန်တော်တို့၂၀၀၈ခုနှစ်၊ဖွဲ့စည်းပုံအခြေခံဥပဒေ၊ပုဒ်မ၁၈၈၊ဇယား(၂)အပေါ်မှာ ကျွန်တော်တို့ဆောင်ရွက်ထားရှိမှုအခြေအနေတွင် ပြည်နယ်လွှတ်တော်အနေနဲ့ ဖက်ဒရယ်ဒီမိုကရေစီကို လိုလားလျက်ရှိသလို ဖက်ဒရယ်ဒီမိုကရေစီမှာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ်ပိုင်ရပ်တည်ခွင့်၊ (Decentralize) လို့ခေါ်တဲ့ ဗဟိုဦးစီး ချုပ်ကိုင်မှုစနစ်တွေကို လျှော့ချနိုင်ဖို့အတွက် ဥပဒေတွေနဲ့အညီ ကျွန်တော်တို့ အဆင်သင့်ဖြစ်နေဖို့လိုပါတယ်။ အဲဒီအချိန်မှာ ကျွန်တော်တို့ ဇယား(၂) အရ ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍတွင် ယခင်ဖွဲ့စည်းပုံအခြေခံဥပဒေအရ(၁၁)ခုရှိပါတယ်။ ၂၀၁၅ ခုနှစ်မှာတော့ ဖွဲ့စည်းပုံအခြေ ခံဥပဒေပြုပြင်ပြောင်းလဲတဲ့အချိန်မှာ(၇)ခု ထပ်တိုးရရှိတာဖြစ်တဲ့အတွက် (၁၈)ခုရှိပါတယ်။ အဲဒီမှာ ကျွန်တော်တို့ ပထမအကြိမ်၊ ဒုတိယအကြိမ်လွှတ်တော်တွေမှာပြဋ္ဌာန်းနိုင်ခဲ့တဲ့ဥပဒေ(၄)ခုသာပြဋ္ဌာန်းနိုင်ခဲ့ပြီးပြဋ္ဌာန်းဖို့ကျန်တာ(၁၄)ခုရှိပါတယ်။အလားတူပဲ စီးပွားရေးကဏ္ဍနဲ့ပတ်သက်လို့ရှိရင် ဖွဲ့စည်းပုံအခြေခံဥပဒေမူလမှာ (၃)ခုရှိပါတယ်။ ၂၀၁၅ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ပြီး (၂)ခု ထပ်တိုးပါတယ်။ အဲဒီမှာ (၅)ခု ရပါတယ်။ အဲဒီမှာ ကျွန်တော်တို့ ပြဋ္ဌာန်းဖို့ (၅)ခုလုံး ကျန်ပါတယ်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတွင် မူလက ဖွဲ့စည်းပုံအခြေခံဥပဒေမှာ (၇)ခုရှိပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ပြီးတဲ့ အချိန်မှာ (၅) ခုထပ်ရပါတယ်။ ဒါကြောင့် (၁၂)ခုဖြစ်ပါတယ်။ လောလောဆယ် (၄)ခုပဲ ပြဋ္ဌာန်းနိုင်ပါသေးတယ်။ (၈)ခု ကျန်ပါတယ်။ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍ ဖြစ်ပါတယ်။ မူလဖွဲ့စည်းပုံအခြေခံဥပဒေအရ (၅)ခုပဲရှိပါတယ်။ ၂၀၁၅ ခုနှစ်၊ ဖွဲ့စည်းပုံအခြေ ခံဥပဒေပြင်ဆင်ပြီးနောက် (၆)ခုတိုးရပါတယ်။ (၁၁)ခုဖြစ်သွားပါတယ်။ လက်ရှိ ကျွန်တော်တို့ (၆)ခု ပြဋ္ဌာန်းနိုင်ပြီးဖြစ်ပါတယ်။ (၅)ခု ပြဋ္ဌာန်းဖို့ကျန်ပါတယ်။ စက်မှုလက်မှုကဏ္ဍနှင့် ပတ်သက်လို့ မူလဖွဲ့စည်းပုံအခြေခံဥပဒေမှာ (၂)ခုရှိပါတယ်။ ၂၀၁၅ ခုနှစ်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ပြီး (၁)ခုထပ်တိုးရတဲ့အတွက် (၃)ခုဖြစ်သွားပါတယ်။ ကျွန်တော်တို့ လွှတ်တော်အနေနဲ့ (၁) ခုပဲ ပြဋ္ဌာန်းနိုင်သေးတာဖြစ်လို့ (၂)ခုကျန်မှာဖြစ်ပါတယ်။ ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကဏ္ဍတွင် မူလဥပဒေမှာ (၃)ခုဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ပြီးတဲ့နောက် (၅)ခုထပ်ရပါတယ်။ စုစုပေါင်း (၈)ခုမှာ (၂)ခုပဲ ပြဋ္ဌာန်းနိုင်ပါတယ်။ (၆)ခုကျန်ပါတယ်။ လူမှုရေးကဏ္ဍတွင် မူလဖွဲ့စည်းပုံအခြေခံဥပဒေမှာ (၇)ခုဖြစ်ပါတယ်။ ထပ်တိုးရရှိတာ (၆) ခုဖြစ်ပါတယ်။ စုစုပေါင်း (၁၃)ခုမှာ (၂)ခုပဲ ပြဋ္ဌာန်းနိုင်ပါသေးတယ်။ (၁၁)ခု ပြဋ္ဌာန်းရန်ကျန်ပါသေးတယ်။ စီမံခန့်ခွဲရေးကဏ္ဍတွင် မူလ(၃)ခု၊ ၂၀၁၅ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ပြီးတဲ့နောက် ရရှိတာ (၂)ခု၊ စုစုပေါင်း (၅)ခုဖြစ်ပါတယ်။ လွှတ်တော်မှာ ပြဋ္ဌာန်းပြီး(၃)ခုဖြစ်တဲ့အတွက် ပြဋ္ဌာန်းဖို့ကျန်တာ (၂)ခုဖြစ်ပါတယ်။ အဲတော့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်တော်တို့ရဲ့ တိုင်းဒေသကြီး/ ပြည်နယ်တွေဟာ ဖက်ဒရယ်ဒီမိုကရေစီကို အကောင်အထည်ဖော်နိုင်ဖို့အတွက် လွှတ်တော်အသီးသီးကနေ ဥပဒေပြုဖို့ (၇၅)ခုရှိတဲ့အနက် (၂၂)ခုကို ကျွန်တော်တို့ ရှမ်းပြည်နယ်အနေနဲ့ ပြဋ္ဌာန်းပြီးဖြစ်ပါတယ်။ (၅၃)ခုကျန်ပါသေးတယ်။ ကျွန်တော်တို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တွေ ဆောင်ရွက်တဲ့နေရာမှာ ဥပဒေနဲ့အညီ အားလုံးအဆင်သင့်ဖြစ်အောင် ကျွန်တော်ရဲ့ ဥပဒေပြုရေးဆိုင်ရာကော်မတီအပါအဝင် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ဥပဒေတွေ ကြိုးစားပြီးပြဋ္ဌာန်းနိုင်ဖို့အတွက်ကို အကြံပြုတင်ပြလိုပါတယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းပြီးသည့် ဥပဒေများကို ရှမ်းပြည်နယ်လွှတ်တော်ရဲ့ ဥပဒေအမှတ်စဉ်အလိုက် ရှမ်းပြည်နယ်လွှတ်တော်ရဲ့ အစည်းအဝေးတွေမှာ အတည်ပြုပေးခဲ့တာတွေကို ဖော်ပြထားခြင်း ဖြစ်ပါတယ် -

(က) ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်းဥပဒေ

(၁) ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်း ဥပဒေ၊

(၂) ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ၆ လ၊ ရှမ်းပြည်နယ်ဒေသန္တရ စီမံကိန်း ဥပဒေ၊

(၃) ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ရှမ်းပြည်နယ် ဒေသန္တရစီမံကိန်းဥပဒေ၊

(၄) ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ရှမ်းပြည်နယ် ဒေသန္တရစီမံကိန်းဥပဒေ၊

( ခ) ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

(၁) ၂၀၁၆ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေ၊

(၂) ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေ သုံးစွဲရေးဥပဒေ၊

(၃) ၂၀၁၇ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ၊

(၄) ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေ သုံးစွဲရေးဥပဒေ၊

(၅) ၂၀၁၈ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ၊

(၆) ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ၊

(၇) ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေ သုံးစွဲရေးဥပဒေ၊

(၈) ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ

( ဂ) အများပြည်သူနှင့်ဆိုင်သော ဥပဒေ

(၁) ရှမ်းပြည်နယ် ဆားနှင့်ဆားထွက်ပစ္စည်းဥပဒေ၊

(၂) ရှမ်းပြည်နယ် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဥပဒေ၊

(၃) ရှမ်းပြည်နယ် ယစ်မျိုးခွန်ကောက်ခံရေးဥပဒေ၊

(၄) ရှမ်းပြည်နယ် ကျောက်မျက်ရတနာ ဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာဥပဒေ၊

(၅) ရှမ်းပြည်နယ်၏ အသေးစားချေးငွေလုပ်ငန်းဥပဒေ၊

(၆) ရှမ်းပြည်နယ် အပန်းဖြေစခန်း၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်ဥပဒေ၊

(၇) ရှမ်းပြည်နယ် ကြက်မွေးမြူရေးဥပဒေ၊

(၈) ရှမ်းပြည်နယ် သဘာဝရေထွက်တော၊ ရေထိန်းတော ထိန်းသိမ်းကာကွယ်ရေးဥပဒေ၊

(၉) ရှမ်းပြည်နယ် လမ်းများ၊ တံတားများဥပဒေ၊

(၁၀) ရှမ်းပြည်နယ် အလတ်စားနှင့် အသေးစားလျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေးဆိုင်ရာ ဥပဒေ၊

(၁၁) အင်းလေးကန်ဒေသထိန်းသိမ်းကာကွယ်ရေးဥပဒေ၊

အဲဒီတော့ ကျွန်တော်တို့ စုစုပေါင်းဥပဒေ (၂၃)ခုကို အစည်းအဝေးအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေလေးကို တင်ပြထားတာဖြစ်ပါတယ်။ ကျန်နေတဲ့ ဥပဒေ(မူကြမ်း)ကတော့ ရှမ်းပြည်နယ်အခြေခံပညာကျောင်းများ ဘေးကင်းစိတ်ချရသော အစားအသောက်ဥပဒေ (မူကြမ်း) (၁)ခု ကျန်ပါတယ်။ နောက်(၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တွင် တင်သွင်းလိုက်တဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ရှမ်းပြည်နယ်ဂုဏ်ထူးဆောင် လက်မှတ် နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့် အပ်နှင်းခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)(၁)ခုနှင့် ရှမ်းပြည်နယ်မြေယာခွန် ဥပဒေ(မူကြမ်း)(၁)ခု ဆောင်ရွက်ဖို့ ကျန်နေတာဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ကတော့ ကျွန်တော်တို့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီ အနေဖြင့် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနဲ့ လွှတ်တော်မှ သတ်မှတ်ပေးအပ်ထားသည့် ကော်မတီ၏ တာဝန်များ၊ လုပ်ပိုင်ခွင့်တို့နှင့်အညီ ပြည်နယ် လွှတ်တော်သို့တင်သွင်းလာသည့် ဥပဒေ(မူကြမ်း)များအပေါ် ပြည့်စုံ၍လိုအပ်ချက်အနည်းဆုံးနှင့် လိုက်နာကျင့်သုံးရမည့် ပြည်သူလူထုနှင့် ကိုက်ညီမှုရှိစေရေး ဆောင်ရွက်လျက်ရှိကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

# ရှမ်းပြည်နယ်လွှတ်တော် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာ ကော်မတီ ဥက္ကဋ္ဌ ဦးသန်းထိုက်က ကော်မတီ၏ အစီရင်ခံစာအား လွှတ်တော်သို့ဖတ်ကြားတင်ပြခြင်း




ရှမ်းပြည်နယ်အတွင်းရှိ တောင်သူလယ်သမားများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးရန်၊ လယ်ယာထွက်ကုန်သီးနှံများ အရည်အသွေးကောင်းမွန်မြင့်မားရေးအတွက် မျိုးကောင်းမျိုးသန့်နှင့် နည်းပညာရရှိရေးနှင့် စိုက်ပျိုးရေးစရိတ်ချေးငွေများ လုံလောက်စွာရရှိရေး၊ အလုပ်သမားများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားများကို ကူညီဆောင်ရွက်ပေးရန်၊ လူငယ်များရရှိခံစားနိုင်မည့်အခွင့်အရေးများကို ဥပဒေနှင့်အညီ အပြည့်အဝခံစားနိုင်ရေးအတွက် လိုအပ်သလို ညှိနှိုင်းပေါင်းစပ်ခြင်းတို့ကို ဆောင်ရွက်ပေး နိုင်ရန် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါတယ်။

## ကော်မတီဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၆)ရက်နေ့တွင် ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (တတိယနေ့)၌ လွှတ်တော်၏ အတည်ပြုချက်ဖြင့် ကော်မတီဝင်(၇)ဦးကို ကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်များ သတ်မှတ်လျက် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အစားထိုးပြောင်းလဲမှု(၂) ကြိမ် ပြင်ဆင်ဖွဲ့စည်း၍ (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် ကော်မတီ(၇)ဦးဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါတယ်။

## ကော်မတီအစည်းအဝေးကျင်းပမှုအခြေအနေ

တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီအနေဖြင့် ကော်မတီသို့ ပေးပို့တိုင်ကြားလာသည့် အမှုတွဲများနှင့် စပ်လျဉ်း၍ လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၅ အရ ကော်မတီအစည်းအဝေးများကို ၂၀၁၆ခုနှစ်တွင် (၆)ကြိမ်၊ ၂၀၁၇ခုနှစ်တွင် (၃)ကြိမ်၊ ၂၀၁၈ ခုနှစ်တွင် (၉)ကြိမ်၊ ၂၀၁၉ ခုနှစ်တွင် (၁)ကြိမ်၊ စုစုပေါင်း (၁၉)ကြိမ်ကျင်းပပြုလုပ်ခဲ့ပါတယ်။

## ကွင်းဆင်းစိစစ်ဆောင်ရွက်ခြင်း

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီအနေဖြင့် ကော်မတီ၏ (၃)နှစ်ကျော်ကာလအတွင်း ကွင်းဆင်းစိစစ်ခြင်း (၂)ကြိမ်ဆောင်ရွက်ခဲ့ပြီး စိစစ်ဆောင်ရွက်သည့် အမှုတွဲ(၁၁)ခုနှင့် ပတ်သက်၍ တွေ့ရှိချက်၊ သုံးသပ်အကြံပြုချက်တို့ကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံသို့ အစီရင်ခံစာတင်ပြ ဆောင်ရွက်ခဲ့ပါတယ်။

ကော်မတီမှကွင်းဆင်းစိစစ်သည့် အမှုတွဲ(၁၁)ခုအား ပြည်နယ်လွှတ်တော်မှတစ်ဆင့် လိုအပ်သလိုဆောင်ရွက်နိုင်ရန် ပြည်နယ်အစိုးရအဖွဲ့သို့ ဆက်လက်ပေးပို့ခြင်း ဆောင်ရွက်ခဲ့ရာ အစိုးရအဖွဲ့မှ အမှုတွဲ(၈)ခုအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများအား ပြန်လည်ပေးပို့ခဲ့သဖြင့် သက်ဆိုင်ရာပြည်သူလူထုအား ရှင်းလင်းခဲ့ပြီးဖြစ်ပါတယ်။

ထို့အပြင် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တိုင်ကြားစာများစိစစ်ရေးကော်မတီ၊ တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းရေးကော်မတီ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးနှင့် လျှပ်စစ်ရေးရာကော်မတီတို့ဖြင့်(၅)ကြိမ်၊ တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာကော်မတီနဲ့(၁)ကြိမ်၊ ပူးပေါင်းကွင်းဆင်းခြင်းအနေဖြင့် (၆)ကြိမ် ဆောင်ရွက်ခဲ့ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၄ အရ၊ ရှမ်းပြည်နယ်လွှတ်တော် နည်းဥပဒေ ၆၂ အရ ဖွဲ့စည်းထားသော လွှတ်တော်ကော်မတီနှင့်အဖွဲ့များသည် ရှမ်းပြည်နယ် အဆင့်အဖွဲ့အစည်းတို့နှင့် တိုက်ရိုက်ဆွေးနွေးပြီး ပြောကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအား လည်းကောင်း၊ လုပ်ငန်းနှင့် ဆက်စပ်သော အကြောင်းအရာများကို သိရှိနားလည်နိုင်သည်ဟု ယူဆရသူများအားလည်းကောင်း ဖိတ်ကြားမေးမြန်းဆွေးနွေးခြင်း၊ ကြားနာခြင်း၊ လိုအပ်သည့် အထောက်အထားများ တင်ပြစေခြင်း ပြုနိုင်သည်ဟု ပါရှိပါတယ်။

ကော်မတီနှင့်သက်ဆိုင်သည့် ဌာနဆိုင်ရာအဖွဲ့အစည်းများ တွေ့ဆုံဆွေးနွေးပွဲကို လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်၊ လွှတ်တော်ရုံးဝန်ထမ်းများရဲ့ ပံ့ပိုးကူညီမှုဖြင့် (၉.၁၁.၂၀၁၈) ရက်နေ့မှ (၁၃.၁၁.၂၀၁၈) ရက်နေ့ထိ ပြည်နယ်လွှတ်တော်ရုံး၊ ကျားခေါင်းခန်းမတွင် ပြုလုပ်နိုင်ခဲ့ပါတယ်။ အစီရင်ခံစာကို လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၆ နှင့်အညီ ပြုစုတင်ပြခြင်းဖြစ်ပါတယ်။

## လေ့လာတွေ့ရှိချက်

ကော်မတီအနေဖြင့် လေ့လာတွေ့ရှိချက်များကို တင်ပြရမည်ဆိုလျှင် ရှမ်းပြည်နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ အနေဖြင့် ရှမ်းပြည်နယ်အတွင်းရှိ မြေယာကိစ္စတင်ပြတိုင်ကြားမှုအပေါ် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအဆင့်ဆင့်က ဗဟို ကော်မတီ၏ မူဝါဒနှင့် လုပ်ငန်းစဉ် (၅၂)ချက်၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ဖြေရှင်းဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ ပြန်လည် စွန့်လွှတ်သည့်မြေယာများကို သက်ဆိုင်သူများထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းတို့ကို ခရိုင်/မြို့နယ်လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီအနေဖြင့် စိစစ်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များနှင့် ချိတ်ဆက်ဆောင်ရွက်မှု အားနည်းသောကြောင့် အချို့ခရိုင်များတွင် စိစစ်တွေ့ရှိချက်ကိုသာ ဖော်ပြချက်ပါရှိပြီး သုံးသပ်အကြံပြုချက်များ ပြည့်စုံစွာတင်ပြနိုင်မှုမရှိသည်ကို တွေ့ရှိရပါတယ်။

သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ ပြန်လည်စွန့်လွှတ်သည့် မြေယာများကို သက်ဆိုင်ရာအဖွဲ့အစည်းများ ၏ အောက်ခြေမှပါဝင်ပတ်သက်နေမှုများကြောင့် သက်ဆိုင်သူများသို့ လက်ဝယ်ပြန်လည်ပြောင်းပေးနိုင်ရေးတွင် ကြန့်ကြာမှုများ ရှိနေသည်ကိုလည်း တွေ့ရှိရပါတယ်။ ပြန်လည်စွန့်လွှတ်မြေများကို မူလတောင်သူများမှ ပြန်လည်လျှောက်ထားမှု နည်းပါးသလို မြေယာအကျိုးဆောင်အဖွဲ့အစည်းအချို့မှလည်း ရိုးသားသည့်တောင်သူများအပေါ် ကိုယ်ကျိုးရှာနေသည်ကိုလည်း တွေ့ရှိရပါတယ်။

သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများအနေဖြင့် မြေသိမ်းယူစဉ်က လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခဲ့ခြင်း မရှိသလို လက်ဝယ်ရရှိထားမှုများမရှိ၍ ယခုအချိန်မှ ဌာနလက်ဝယ်ရောက်ရှိရေး ဆောင်ရွက်မှုများကြောင့် မူလစီမံကိန်း အကောင်အထည်မဖော်တဲ့ မြေပေါ်တွင် မူလစားမဦးချ လက်ရှိလက်ငုပ်တောင်သူများ စိုက်ပျိုးနေမှုများကြောင့် မလိုလားအပ်သော ပြဿနာများ၊ တရားစွဲအရေးယူမှုခံရမှုများလည်း ကြုံတွေ့နေရပါတယ်။ ပြန်လည်စွန့်လွှတ်မြေများကို ပုံစံ(၁)ဖြင့် မူလတောင်သူများ လျှောက်ထားရာတွင် အဆိုပါစွန့်လွှတ်မြေများပေါ်တွင် အခြားသူများမှ လက်ဝယ်ရယူထားရှိမှုများရှိခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနမှ ပြန်လည်စွန့်လွှတ်မြေယာပေါ်တွင် ကျူးကျော်မှုများအပေါ် သက်ဆိုင်ရာဌာနမှ တာဝန်ယူတာဝန်ခံမှု အားနည်းခြင်းများကို တွေ့ရှိရပါတယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်မှဖွဲ့စည်းထားတဲ့ ရေးရာကော်မတီများ၏ ကွင်းဆင်းဆောင်ရွက်ချက်

အစီရင်ခံစာများကို လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ပေးပို့သောအမှုတွဲများကို သက်ဆိုင်ရာဌာန တာဝန်ရှိသူများအနေဖြင့် အကောင်အထည်ဖော် ညှိနှိုင်းပေါင်းစပ်မှုအားနည်းတာကိုလည်း တွေ့ရှိရပါတယ်။ ၂၀၁၂ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုဥပဒေ ၂၂ (ဂ)အရ ပြန်လည်သိမ်းဆည်းမြေများကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲခြင်းဆိုင်ရာအထူးအဖွဲ့မှ ကွင်းဆင်းစိစစ် ဆောင်ရွက်နေမှုများရှိတာကိုတွေ့ရှိရသလို အချို့သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များမှလည်း မသိရှိတာကိုတွေ့ရှိရပါတယ်။ လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့် ခွင့်ပြုမိန့် မရရှိဘဲ အခြားနည်းအသုံးပြု ဆောင်ရွက်နေမှုများကြောင့် လယ်ယာမြေများ ဆုံးရှုံးမှုများ များပြားလာပြီး ခွင့်ပြုချက်မရှိဘဲ ကြိုတင်လုပ်ဆောင်၍ လယ်ယာမြေအား အခြားနည်း အသုံးပြုမှုအပေါ် ဒဏ်ကြေးဆောင်လိုက်ရင်ရပြီဆိုတဲ့ ပုံစံဟာလည်း မြေယာဆုံးရှုံးမှု အဓိက အချက်ဖြစ်တာကိုလည်း တွေ့ရှိရပါတယ်။

**အကြံပြုချက်များ**

ကော်မတီအနေဖြင့် လေ့လာတွေ့ရှိချက်များအပေါ် အကြံပြုချက်များအဖြစ် တင်ပြရမည်ဆိုပါက –

(၁) ရှမ်းပြည်နယ်အတွင်းရှိ မြေယာကိစ္စတင်ပြတိုင်ကြားမှုများအပေါ် ရှမ်းပြည်နယ်လယ်ယာမြေ နှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီအဆင့်ဆင့်မှ ဗဟိုကော်မတီ၏မူဝါဒ (၅၂)ချက် နှင့်အညီ စိစစ်ဖြေရှင်း ဆောင်ရွက်နေမှုများ လျင်မြန်စွာ ပြီးစီးနိုင်ရေးအတွက် အဓိကကျသည့် ခရိုင်/ မြို့နယ် လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီ တာဝန်ရှိသူများအနေဖြင့် စိစစ်တွေ့ရှိချက်၊ သုံးသပ်အကြံပြုချက်များပြည့်စုံစွာတင်ပြနိုင်ရေးအတွက် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပူးပေါင်းဆောင်ရွက်ရန်။

(၂) လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇)များထုတ်ပေးရာ၌ မြေပြင်ပေါ်တွင် အမှန်တကယ် စိုက်ပျိုးထုတ်လုပ်နေမှုများကိုသာ စိစစ်၍ထုတ်ပေးရန်။

(၃) လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့်မရှိဘဲ အခြားနည်းအသုံးပြု ဆောင်ရွက်နေမှုများ၊ ခွင့်ပြုချက်မရှိဘဲ ကြိုတင်လုပ်ဆောင်၍အခြားနည်းအသုံးပြုမှု အပေါ် ဒဏ်ကြေးငွေပေးဆောင်စေခြင်းအပြင် ဥပဒေကြောင်းအရ ထိရောက်သော ဒဏ်များချမှတ်နိုင်ရေးအတွက် သမ္မတရုံးညွှန်ကြားချက်များအား သက်ဆိုင်ရာ ဌာနများမှ ထိထိရောက်ရောက်ဆောင်ရွက်ရန်။

(၄) စိုက်ပျိုးရေးကိုအခြေခံသည့်နိုင်ငံဖြစ်သည်နှင့်အညီ မြေယာပေါ်တွင်အခြေခံပြီး စိုက်ပျိုးထုတ်လုပ်မှု၊ ဝန်ဆောင်မှုတန်ဖိုးများ တွက်ချက်ရာတွင် မှန်ကန်သည့် စာရင်းအချက်အလက်များ ရရှိနိုင်ရေးအတွက် မြေပြင်တွင် အမှန်တကယ် အသုံးပြုနေမှုများကို သက်ဆိုင်ရာဌာနများမှ ကြပ်မတ်စိစစ်ရန်။

(၅) SME လုပ်ငန်းရှင်များ၏ လိုအပ်နေသည့်ချေးငွေများကိုရယူရာတွင် မလိုလားအပ်သော ကြန့်ကြာမှုများ မရှိစေရေး ကူညီဆောင်ရွက်ပေးရန်။

(၆) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲခြင်းဆိုင်ရာ အထူးဖွဲ့များအနေဖြင့် သက်ဆိုင်ရာမြို့နယ်အလိုက် လွှတ်တော်ကိုယ်စားလှယ်များနှင့် ချိတ်ဆက် ဆောင်ရွက်ရန်။

(၇) အလုပ်သမားများ၏အခွင့်အရေး အပြည့်အဝရရှိနိုင်ရေးအတွက် လုပ်ငန်းရှင်များအနေဖြင့် ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရေး သက်ဆိုင်ရာ ဌာနမှကြီးကြပ်ရန်။

(၈) ရှမ်းပြည်နယ်လူငယ်ရေးရာကော်မတီ၏ မူဝါဒလုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် လိုအပ်သည့်အကူအညီ အထောက်အပံ့များပေးရန်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီအနေဖြင့် လွှတ်တော်မှ ပေးအပ်ထားသည့် ကော်မတီ၏တာဝန်များ၊ လုပ်ပိုင်ခွင့်တို့နှင့်အတူ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏လမ်းညွှန်မှုဖြင့် လုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ရင်း နိဂုံးချုပ်အပ်ပါတယ်။

# ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်က (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် လွှတ်တော်လုပ်ငန်းဆိုင်ရာများ ရှင်းလင်းတင်ပြခြင်း




ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေးဟာ ဒီကနေ့အပါအဝင် (၅)ရက် ကျင်းပခဲ့ပါတယ်။ ဒီပုံမှန်အစည်းအဝေးမှာ အဓိကထားပြီး ဆောင်ရွက်နိုင်တာကတော့ ၂၀၁၈ ခုနှစ်ကတည်းက ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များကိုယ်တိုင် ကြိုးစားအားထုတ်မှုနဲ့ရေးဆွဲခဲ့တဲ့ ဥပဒေ(မူကြမ်း) ၄ခုကို လွှတ်တော်က အတည်ပြုပေးနိုင်ခဲ့ခြင်းပဲဖြစ်ပါတယ်။ ဥပဒေပြုရေးတာဝန်ဟာ မိမိတို့လွှတ်တော်ကိုယ်စားလှယ်များရဲ့ အဓိကတာဝန်ဖြစ်တာကြောင့် ဒီတာဝန်ကို ဆက်လက်ဆောင်ရွက်ကြရအုံးမှာပဲဖြစ်ပါတယ်။ ပြည်သူအတွက် ဥပဒေရေးဆွဲရာမှာ လူထုရဲ့ဆန္ဒဟာ အရေးကြီးသောအစိတ်အပိုင်းဖြစ်သလို ဥပဒေတစ်ခုရဲ့ ကောင်းကျိုး၊ မကောင်းကျိုးဆိုတာ လူထုရဲ့ အသိဉာဏ်ပေါ်မှာ တည်မှီနေတာလည်းဖြစ်ပါတယ်။

ဒီအစည်းအဝေးမှာ လွှတ်တော်ကိုယ်စားလှယ် (၃၅)ဦးတို့ရဲ့ ကြယ်ပွင့်ပြမေးခွန်းပေါင်း (၆၄)ခု မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့သလို၊ အဆိုအနေနဲ့ အဆို(၁)ခုအား အတည်ပြုခြင်း၊ အဆို(၂)ခုအား မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများ တင်သွင်းခြင်းနှင့် စပ်လျဉ်းပြီးတော့မှ လက်တွေ့အကောင်အထည်ဖော်နိုင်မှု အခြေအနေများကို ကျွန်တော်တို့ ရှမ်းပြည်နယ်လွှတ်တော်ရဲ့ ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီက လိုအပ်သလိုစိစစ်သွားမှာပဲဖြစ်ပါတယ်။

အစည်းအဝေးမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းခဲ့တဲ့ ရှမ်းပြည်နယ် ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း)နှင့် ရှမ်းပြည်နယ်မြေယာခွန်ဥပဒေ(မူကြမ်း)တို့ကို တင်သွင်းခဲ့ပါတယ်။ ဒီဥပဒေ(မူကြမ်း)များကို ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလမှာ ကျင်းပရန်ရှိတဲ့ လွှတ်တော်အစည်းအဝေးမှာ အတည်ပြုနိုင်ရေးအတွက် ကြိုးပမ်းကြစေလိုပါတယ်။

အစီရင်ခံစာအနေနဲ့ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်ရုံးရဲ့ ၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို လွှတ်တော်သို့တင်ပြနိုင်ခဲ့သလို၊ လွှတ်တော်ရေးရာကော်မတီများဖြစ်ကြတဲ့ ရှမ်းပြည်နယ်အစိုးရ၏

အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ၊ ဥပဒေပြုရေးဆိုင်ရာကော်မတီနှင့် တောင်သူလယ်သမား၊ အလုပ်သမားနှင့်လူငယ်ရေးရာကော်မတီတို့က မိမိကော်မတီအလိုက် လုပ်ငန်း များကို အစီရင်ခံစာဖတ်ကြားတင်ပြနိုင်ခဲ့ပါတယ်။ (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေးနဲ့ ဒီ(၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကြားကာလမှာ NGO/ INGO များနဲ့ အရပ်ဘက်လူမှုအဖွဲ့အစည်းများဖြစ်ကြသော Asia Foundation နှင့်ဖန်တီးရှင်အဖွဲ့၊ EITI၊ International Republican Institute (IRI)၊ Gender Equility Network ပြည်ထောင်စုအစိုးရအဖွဲ့ နိုင်ငံတော်စီးပွားရေးရာပေါင်းစပ်ညှိနှိုင်းရေးကော်မတီ၊ မေတ္တာဖောင်ဒေးရှင်းတို့က လွှတ်တော်ကိုယ်စားလှယ်များအတွက် အလုပ်ရုံဆွေးနွေးပွဲနှင့် သင်တန်းစုစုပေါင်း (၇)ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ယခု ကျင်းပတဲ့အစည်းအဝေးကို ဖော်ပြပါ အဖွဲ့အစည်းများမှ လာရောက်လေ့လာပါတယ်။

အဲဒါကတော့

| | | |
|---|---|---|
| (၁) | Golden Future Organization | (၆)ဦး |
| (၂) | ညောင်ရွှေမြို့နယ်မှ ဦးအောင်နိုင်စိုးနှင့်အဖွဲ့ | (၉)ဦး |
| (၃) | ဟိုပုံးမြို့နယ်မှ ဦးခွန်အောင်နိုင် ဦးဆောင်သည့် ပြည်ခိုင်ဖြိုးပါတီဝင်များ | (၄၁)ဦး |
| (၄) | တောင်ကြီးမြို့နယ်မှ ဦးဗိုကျော် ဦးဆောင်သည့် တိုင်းရင်းသားလူမျိုးစုများဒီမိုကရေစီအဖွဲ့ | (၃၅)ဦး |
| (၅) | ပညာအလင်းပွင့်သုတေသနဖောင်ဒေးရှင်း (EMReF) | (၂)ဦး |
| (၆) | သိန္နီမြို့နယ်မှ ဦးဟန်စိန်နှင့်အဖွဲ့ | (၉)ဦး |
| (၇) | UNDP မှ ကိုယ်စားလှယ် | (၂)ဦး |
| (၈) | နောင်ကားကျေးရွာအုပ်စု ပရဟိတလုပ်ငန်းဆောင်ရွက်သည့် ဒေသခံလူငယ် ဦးခွန်စောအောင်နှင့်အဖွဲ့ | (၁၁)ဦး |

စုစုပေါင်း(၁၁၅)ဦးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဒီ(၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှာ ဥပဒေ(မူကြမ်း) ၄ ခု အတည်ပြုနိုင်ရေးအတွက် ဥပဒေများကို အပတ်တကုတ် ကြိုးစားပြီးတော့မှရေးဆွဲခဲ့တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလည်းကောင်း၊ ဥပဒေအကြံရပ်၊ ဥပဒေရေးထုံးများနှင့်ညီညွတ်အောင် အချိန်ပေးပြီးတော့ ပြင်ဆင်ပေးသည့် ဥပဒေပြုရေးဆိုင်ရာကော်မတီအား လည်းကောင်း၊ အထူးသဖြင့် ဒီအစည်းအဝေးမှာ (၄)ရက်တိုင်တိုင် စိတ်ရှည်ရှည်ထားပြီး အတည်ပြုပေးသော ကိုယ်စားလှယ်များအား လည်းကောင်း အထူးပဲကျေးဇူးတင်ရှိပါတယ်။

ကျွန်တော်တို့ ရှမ်းပြည်နယ်လွှတ်တော်အနေနဲ့ ၂၀၁၉ ခုနှစ်မှာ ပုံမှန်အစည်းအဝေး (၅)ကြိမ်နဲ့ အထူးအစည်းအဝေး(၁) ကြိမ် ကျင်းပပြီး လွှတ်တော်အတွင်းတာဝန်များကို ထမ်းရွက်ခဲ့ကြပါတယ်။ ထို့အတူ လွှတ်တော်ပြင်ပတာဝန်များကိုလည်း မိမိတို့ရောက်ရှိသောဒေသမှာ ကြုံတွေ့ရတဲ့အခြေအနေပေါ်မူတည်ပြီး အသီးသီးဆောင်ရွက်နိုင်ခဲ့ကြပါတယ်။ ဒါဟာသမိုင်းပေး တာဝန်ဖြစ်လို့၊ ဒီတာဝန်ကိုဆက်လက်ပြီး စွမ်းစွမ်းတမံဆောင်ရွက်နိုင်ကြပါစေ၊ ပြည်သူတို့၏ လိုအင်နှင့် ဆန္ဒများကို ဖော်ဆောင်ရွက်နိုင်ကြပါစေ၊ လာမဲ့ မင်္ဂလာနှစ်သစ် ၂၀၂၀ ပြည့်နှစ်မှာ ယခုလိုပဲ စုံစုံညီညီ ပြန်လည်ဆုံတွေ့ကြပါစို့လို့ ပြောကြားရင်း နိဂုံးချုပ်ပါတယ်။

ပြည်သူ့အသံ . . . လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ . . . လွှတ်တော်ဆန္ဒ

ပြည်သူတို့ မျှော်လင့်ချက် . . . လွှတ်တော်ကဖော်ဆောင်ရွက်

## ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင် ခရစ္စမတ်မိတ်ဆုံစားပွဲ အခမ်းအနား တက်ရောက်




တောင်ကြီးကက်သလစ်ဂိုဏ်းချုပ်သာသနာ၏ ခရစ္စမတ်မိတ်ဆုံစားပွဲ အခမ်းအနားကို (၂၀.၁၂.၂၀၁၉)ရက် ညနေ(၅)နာရီတွင် တောင်ကြီးမြို့ စိန်ဂျိုးဇက်အောက်မေ့ဖွယ်ခမ္မာရုံတွင် ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်သည် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများနှင့် အတူ တက်ရောက်ကာ ခရစ္စမတ် လက်ဆောင်များကို အသီးသီးပေးအပ်၍ အမှတ်တရစုပေါင်း မှတ်တမ်းဓါတ်ပုံရိုက်ကူးခဲ့ကြပါသည်။

## ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင် ညောင်ရွှေအကျဉ်းထောင်ရှိ အကျဉ်းသား/ အကျဉ်းသူများအား အာဟာရပစ္စည်းများ ထောက်ပံ့ပေးအပ်




ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်ရှိ အကျဉ်းဦးစီးဌာန၊ ညောင်ရွှေအကျဉ်းထောင်တွင် အကျဉ်းသား/ အကျဉ်းသူများအား အာဟာရပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို (၁၇.၁.၂၀၂၀)ရက်နေ့တွင် ကျင်းပရာ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်က ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများနှင့် အတူ တက်ရောက်ကာ အာဟာရပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ပါသည်။

## ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင် "American Brand Showcase" အမေရိကန် ကုန်အမှတ်တံဆိပ်များ ပြသရောင်းချပွဲ အခမ်းအနားတက်ရောက်



"American Brand Showcase" အမေရိကန် ကုန်အမှတ်တံဆိပ်များ ပြသရောင်းချပွဲ အခမ်းအနားကို (၂၂.၁.၂၀၂၀)ရက်နေ့ ညနေ(၅)နာရီတွင် Royal Taunggyi Hotel ၌ ကျင်းပရာ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်သည် ရှမ်းပြည်နယ် လျှပ်စစ်စွမ်းအင်နှင့် စက်မှုဝန်ကြီး ဦးစိုင်းရှဲန်တစ်လုံ၊ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်နန်းမိုခမ်းတို့နှင့် အတူ အမေရိကန် သံအမတ်ကြီး စကော့မာစီယယ်၏ ဖိတ်ကြားချက်အရ တက်ရောက်ခဲ့ပါသည်။

---

## ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင် သံလွင်မြစ်ကူးတံတား(ကွမ်းလုံ) တည်ဆောက်မည့်နေရာနှင့် ကွမ်းလုံဒေသခံပြည်သူများနှင့် တွေ့ဆုံ




သံလွင်မြစ်ကူးတံတား(ကွမ်းလုံ) တည်ဆောက်မည့်နေရာနှင့် ကွမ်းလုံဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲအခမ်းအနားကို (၂၇.၁.၂၀၂၀)ရက်နေ့တွင် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်သည် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများနှင့် အတူ တက်ရောက်ခဲ့ပါသည်။

# ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင် "ဝ"တိုင်းရင်းသားများ စုပေါင်း နှစ်သစ်ကူးပွဲတော် အခမ်းအနားတက်ရောက်



မောင်မောင်သန်း(ပြန်/ဆက်)

(၄၄)ကြိမ်မြောက် "ဝ" တိုင်းရင်းသားများ စုပေါင်းနှစ်သစ်ကူးပွဲတော်ကို (၂၈.၁.၂၀၂၀)ရက်နေ့ နံနက်(၀၉:၃၀)နာရီတွင် "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့တိုင်းရင်းသားများပွဲတော်ကွင်း၌ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်သည် တိုင်းရင်းသားများရေးရာ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီး ဥက္ကဋ္ဌတို့နှင့်အတူ တက်ရောက်ကာ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး၊ ယဉ်ကျေးမှုအကအဖွဲ့များအား ဂုဏ်ပြုဆုငွေများ အသီးသီး ချီးမြှင့်ပေးခဲ့ပါသည်။


မောင်မောင်သန်း(ပြန်/ဆက်)


မောင်မောင်သန်း(ပြန်/ဆက်)

# ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင် ပထမအကြိမ်လားဟူတိုင်းရင်းသားများ နှစ်သစ်ကူးပွဲတော် အခမ်းအနားတက်ရောက်




ပထမအကြိမ် လားဟူတိုင်းရင်းသားများနှစ်သစ်ကူးပွဲတော်ကို (၂၉.၁.၂၀၂၀)ရက်နေ့ နံနက်(၁၀)နာရီတွင် လားရှိုးမြို့ မိုးလုံလေလုံခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်သည် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ လားဟူတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးဦးယောသပ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် အတူတက်ရောက်ခဲ့ပါသည်။






# ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်က High Land Road Construction Co.,Ltd အား မှတ်တမ်းတင်ဂုဏ်ပြုလက်မှတ်ပေးအပ်ခြင်း



(၁၀.၂.၂၀၂၀)ရက်နေ့ နံနက်(၁၀:၃၀)နာရီတွင် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌရုံးခန်း၌ ရှမ်းပြည်နယ်လွှတ်တော် အဆောက်အဦ Portico အဝင်/အထွက် AC ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းဧရိယာ (၁၀၂၇.၁၅၁)Sq. Meterအား မေတ္တာဖြင့် အခမဲ့ဆောင်ရွက်ခဲ့သည့် Robust Goal Group of Companies (High Land Road Construction Co.,Ltd)အား ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက မှတ်တမ်းတင် ဂုဏ်ပြုလွှာပေးအပ်ခဲ့ပါသည်။

# ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးက ရှမ်းပြည်နယ်လွှတ်တော်ရုံး ဝန်ထမ်းများနှင့် တွေ့ဆုံ





(၂၀.၁.၂၀၂၀)ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးက ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်တို့အား ဂါရဝပြုတွေ့ဆုံခဲ့ပြီး သံလွင်ခန်းမ၌ ရှမ်းပြည်နယ် လွှတ်တော်ရုံးဝန်ထမ်းများနှင့် တွေ့ဆုံပွဲကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ တွေ့ဆုံပွဲတွင် ရှမ်းပြည်နယ်လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်နန်းမိုခမ်းက ရှမ်းပြည်နယ်လွှတ်တော်၏ လုပ်ငန်းဆောင်ရွက်ချက်များအား ရှင်းလင်း တင်ပြခဲ့ပြီး ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်အတူ မှတ်တမ်းဓါတ်ပုံရိုက်ကူးခဲ့ပါသည်။

# ရှမ်းပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ် ရှမ်းပြည်နယ်လွှတ်တော် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီကြားနာပွဲ တက်ရောက်




ရှမ်းပြည်နယ်လွှတ်တော် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီ ကြားနာပွဲကို (၉.၁.၂၀၂၀)ရက်နေ့ နံနက်(၁၀)နာရီတွင် ရှမ်းပြည်နယ်လွှတ်တော်ရုံး (ကျားခေါင်းခန်းမ)၌ ကျင်းပရာ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်သည် ရှမ်းပြည်နယ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးညွန့်လွင်၊ ရှမ်းပြည်နယ်လွှတ်တော် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်လွှတ်တော် ရေးရာကော်မတီများမှ ကော်မတီဝင်များ၊ သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် အတူ ကော်မတီကြားနာပွဲသို့ တက်ရောက်ခဲ့ပါသည်။





# ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီက လွိုင်လင်မြို့တွင် ကော်မတီကြားနာပွဲ ကျင်းပ




ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီသည် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် (၁၄.၁.၂၀၂၀)ရက်နေ့ နံနက်(၁၀)နာရီတွင် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်သည် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ သက်ဆိုင်ရာပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လွိုင်လင်ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများ၊ မဲဆန္ဒရှင်ပြည်သူများ၊ ရပ်မိရပ်ဖများနှင့်အတူ လွိုင်လင်မြို့၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ရှမ်းပြည်နယ်လွှတ်တော် ကော်မတီကြားနာပွဲ ကျင်းပပြုလုပ်ခဲ့ရာ အဆိုပါအခမ်းအနားတွင် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာသူများမှ မိမိတို့ မြို့နယ်အတွင်း လိုအပ်သော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား တင်ပြခဲ့ကြပါသည်။





# ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီက လင်းခေးမြို့တွင် ကော်မတီကြားနာပွဲ ကျင်းပ




ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီသည် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် (၁၅.၁.၂၀၂၀)ရက်နေ့ နံနက်(၁၀)နာရီအချိန်တွင် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်သည် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ သက်ဆိုင်ရာပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လင်းခေးခရိုင်၊ မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများ၊ မဲဆန္ဒရှင်ပြည်သူများ၊ ရပ်မိရပ်ဖများနှင့် အတူ လင်းခေးမြို့၊ နွယ်ဝတီခန်းမ၌ ရှမ်းပြည်နယ်လွှတ်တော် ကော်မတီကြားနာပွဲ ကျင်းပပြုလုပ်ခဲ့ရာ အဆိုပါအခမ်းအနားတွင် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာသူများမှ မိမိတို့မြို့နယ်အတွင်း လိုအပ်သော ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအား တင်ပြခဲ့ကြပါသည်။





# ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီက လင်းခေးခရိုင်အတွင်း နယ်မြေကွင်းဆင်းဆောင်ရွက်ခြင်း




ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီသည် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် (၁၆.၁.၂၀၂၀)ရက်နေ့ နံနက်(၁၀)နာရီတွင် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ် လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်သည် ရှမ်းပြည်နယ်လွှတ်တော်ဥပဒေပြုရေးဆိုင်ရာကော်မတီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များနှင့်အတူ လင်းခေးခရိုင်၊ မိုးနဲမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဧည့်ခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံခဲ့ပါသည်။

ထို့နောက် လွိုင်လင်ခရိုင်၊ နမ့်စန်မြို့၊ ကောင်းမြတ်ကိုယ်ပိုင်အထက်တန်းကျောင်းသို့ ရောက်ရှိပြီး လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ပါသည်။ ဆက်လက်၍ နမ့်စန်မြို့မှ ထွက်ခွာခဲ့ရာ ဟိုပုံးမြို့၊ ထမ်စန်းလိုဏ်ဂူနှင့် ရွှေတိဂုံစေတီတော်မြတ်အားဖူးမြော် ကြည်ညိုခဲ့ပါသည်။





# ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီက ကျောက်မဲမြို့တွင် ကော်မတီကြားနာပွဲကျင်းပ




ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီသည် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် (၁.၂.၂၀၂၀)ရက်နေ့ နံနက်(၉)နာရီတွင် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်သည် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ကျောက်မဲခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများ၊ မဲဆန္ဒရှင်ပြည်သူများ၊ ရပ်မိရပ်ဖများနှင့်အတူ ကျောက်မဲမြို့၊ မြို့ကျက်သရေဆောင်ခန်းမ၌ ရှမ်းပြည်နယ်လွှတ်တော် ကော်မတီကြားနာပွဲ ကျင်းပပြုလုပ်ခဲ့ရာ အဆိုပါအခမ်းအနားတွင် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာသူများမှ မိမိတို့မြို့နယ်အတွင်း လိုအပ်သော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ သိမ်းဆည်းခံလယ်ယာမြေများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြခဲ့ကြပါသည်။






# ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီက မိုးမိတ်မြို့တွင် ကော်မတီကြားနာပွဲ ကျင်းပ




ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီသည် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် (၂.၂.၂၀၂၀)ရက်နေ့ နံနက်(၉)နာရီတွင် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ် လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်သည် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊သက်ဆိုင်ရာပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊မိုးမိတ်ခရိုင်၊မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများ၊ မဲဆန္ဒရှင်ပြည်သူများ၊ ရပ်မိရပ်ဖများနှင့်အတူ မိုးမိတ်မြို့၊ မြို့ကျက်သရေဆောင်ခန်းမ၌ ရှမ်းပြည်နယ် လွှတ်တော် ကော်မတီကြားနာပွဲ ကျင်းပပြုလုပ်ခဲ့ရာ အဆိုပါအခမ်းအနားတွင် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာသူများမှ ရှမ်းပြည်နယ်အခြေခံပညာကျောင်းများ ဘေးကင်းစိတ်ချရသော အစားအသောက် ဥပဒေ(မူကြမ်း)၊ ရှမ်းပြည်နယ် မြေယာခွန်ဥပဒေ(မူကြမ်း)များနှင့်ပတ်သက်၍ အကြံပြုတင်ပြခဲ့ပြီး၊ မိမိတို့ မြို့နယ်အတွင်း လိုအပ်သော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား တင်ပြခဲ့ကြပါသည်။






# ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၏ မိုးမိတ်မြို့နှင့် မဘိမ်းမြို့အတွင်း နယ်မြေကွင်းဆင်းဆောင်ရွက်ခြင်း





ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီသည် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် (၂၂.၂.၂၀၂၀)ရက်နေ့ မွန်းလွဲအချိန်တွင် ရှမ်းပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်သည် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ သက်ဆိုင်ရာပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ မိုးမိတ်မြို့ ရွှေလီ(၃)ရေအား လျှပ်စစ်စီမံကိန်းအား လှည့်လည်ကြည့်ရှုခဲ့ပါသည်။ ထို့နောက် မဘိမ်းမြို့၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ မြို့နယ်ဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြပါသည်။





People's Voice . . . Hluttaw's Voice

People's Will . . . Hluttaw's Will

People's Expectation . . . Hluttaw's Implementation

# ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၀)ကျင်းပပြုလုပ်




ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၀) ကို (၁၇.၁.၂၀၂၀)ရက်နေ့၊ နံနက်(၀၉:၃၀)နာရီတွင် ရှမ်းပြည်နယ်လွှတ်တော် သံလွင်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးသို့ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစစ်အောင်မြတ်သည် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီဝင်များ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများနှင့်အတူ ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းလာသော ရှမ်းပြည်နယ်အခြေခံပညာကျောင်းများ ဘေးကင်းစိတ်ချရသော အစားအသောက်ဥပဒေ(မူကြမ်း)၊ ရှမ်းပြည်နယ် ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)နှင့် ရှမ်းပြည်နယ်မြေယာခွန်ဥပဒေ(မူကြမ်း)တို့ကို ဆွေးနွေးညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။





# ရှမ်းပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ် ရွာငံမြို့နယ် ရွှေပွင့်လင်းစေတီတော်မြတ် (၄၉)ကြိမ်မြောက်ဗုဒ္ဓပူဇနိယပွဲတော် အခမ်းအနားတက်ရောက်





(၂၁.၁.၂၀၂၀)ရက်နေ့ နံနက်(၉)နာရီတွင် ရှမ်းပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်သည် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ် ရွှေပွင့်လင်းစေတီတော်မြတ် (၄၉)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်အခမ်းအနားသို့ တက်ရောက်၍ ဖောင်တော်ဦးဘုရားအားပင့်ဆောင်ပူဇော်ပြီး ဆရာတော်သံဃာတော်များအား နေ့ဆွမ်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၄/၂၀၁၉) ကျင်းပပြုလုပ်



ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီလုပ်ငန်းညှိနှိုင်း အစည်းအဝေး(၄/၂၀၁၉)ကို (၉.၁၂.၂၀၁၉) ရက်နေ့မှ(၁၃.၁၂.၂၀၁၉)ရက်နေ့ထိ ရှမ်းပြည်နယ်လွှတ်တော်ရေးရာကော်မတီအခန်း(၆)၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌအပါအဝင်အဖွဲ့ဝင်(၆)ဦး နှင့် ဗမာတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်နှင့် ခရိုင်စီမံကိန်းမှူးများ၊ပြည်နယ်အဆင့်ဌာနဆိုင်ရာများမှ တက်ရောက်ခဲ့ပြီး၊ (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှ (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေးအထိနှင့် အထူးအစည်းအဝေး အပါအဝင် လွှတ်တော်အစည်းအဝေးများတွင် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ တင်သွင်းသော အဆိုများ၊ မေးမြန်းခဲ့သည့် မေးခွန်းများနှင့် စပ်လျဉ်း၍ ပြည်နယ်အစိုးရအဖွဲ့၏ ဖြေကြားမှုတွင် ကတိပြုခဲ့သော အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များအပေါ် ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ရန်ကျန်များကို စိစစ် ဆောင်ရွက်ခဲ့ပါသည်။

# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးနှင့် လျှော်စစ်ရေးရာကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၂/၂၀၁၉) ကျင်းပပြုလုပ်



ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးနှင့် လျှပ်စစ်ရေးရာကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေး(၂/၂၀၁၉)ကို (၁၇.၁၂.၂၀၁၉) ရက်နေ့ မွန်းလွဲ(၃)နာရီတွင် ရှမ်းပြည်နယ်လွှတ်တော် ရေးရာကော်မတီ အခန်း(၇)၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင်(၇)ဦး တက်ရောက်ခဲ့ပြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေး နှင့် လျှပ်စစ်ရေးရာကော်မတီ၏ (၃)နှစ်တာကာလ အတွင်း ဆောင်ရွက်ခဲ့သော လုပ်ငန်းများနှင့် ပတ်သက်၍ နောင်လာမည့် လွှတ်တော်အစည်းအဝေးတွင် အစီရင်ခံစာဖတ်ကြား တင်ပြနိုင်ရန်နှင့် တာချီလိတ်မြို့နှင့် ဟိုပန်မြို့များသို့ ကွင်းဆင်းစိစစ်ရန် ညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။

# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၀)



ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေး(၁/၂၀၂၀)ကို (၉.၁.၂၀၂၀)ရက်နေ့ နံနက်(၁၀)နာရီတွင် ရှမ်းပြည်နယ်လွှတ်တော် ကျားခေါင်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးသို့ ကော်မတီ ဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင်(၆)ဦး၊ ရှမ်းပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးညွန့်လွင်နှင့် ဖိတ်ကြားထားသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဌာနဆိုင်ရာများ တက်ရောက်ခဲ့ပါသည်။

# ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးအာကာလင်း နယ်မြေဒေသ ကွင်းဆင်းလှုပ်ရှား ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ




ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးအာကာလင်းက ပင်းတယမြို့နယ်၊ ကျားကုန်ကျေးရွာအုပ်စု၊ တည်ပင်ကျေးရွာ၊ အခြေခံပညာမူလတန်းလွန်ကျောင်း ပညာရည်ချွန်ဆုပေးပွဲတွင် ဆုရကျောင်းသား/ ကျောင်းသူများအား ဆုချီးမြှင့်နေစဉ်



ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးအာကာလင်းက ပင်းတယမြို့နယ်၊ ကျားကုန်ကျေးရွာအုပ်စု၊ တည်ပင်ကျေးရွာ၊ အခြေခံပညာမူလတန်းလွန်ကျောင်း ပညာရည်ချွန်ဆုပေးပွဲတွင် ဆုရကျောင်းသား/ ကျောင်းသူများအား ဆုချီးမြှင့်နေစဉ်



ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးအာကာလင်းက ပင်းတယမြို့နယ်၊ ပန်စစ်ကျေးရွာအုပ်စု၊ ကြံခင်းမြောင်ကျေးရွာတွင် ကျင်းပသော ရှေးဦးပြုစုခြင်း သင်တန်းဆင်းပွဲတွင် ထောက်ပံ့ငွေ ပေးအပ်နေစဉ်



ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးအာကာလင်းက ပင်းတယမြို့နယ်၊ ပန်စစ်ကျေးရွာအုပ်စု၊ ကြံခင်းမြောင်ကျေးရွာတွင် ကျင်းပသော ရှေးဦးပြုစုခြင်း သင်တန်းဆင်းပွဲတွင် ကျေးရွာစာသင်ကျောင်းအတွက် ကလေး၊ လူကြီးသုံး ဆေးအိတ်များပေးအပ်နေစဉ်




ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးအာကာလင်းက မြင်းကျဒိုးကျေးရွာအုပ်စု၊ တောကျယ်ကျေးရွာရှိ တောကျယ်ရေပြာအိုင် အဝင် ကတ္တရာလမ်းသစ်ဖွင့်ပွဲတွင် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်နေစဉ်




ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးအာကာလင်းက ပင်းတယမြို့နယ်၊ သရက်ကုန်းကျေးရွာအုပ်စု၊ ကြေးတွင်းကုန်းကျေးရွာ ကျေးရွာလူထုအခြေပြု ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးနေစဉ်

# ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်စံလွင် နယ်မြေဒေသ ကွင်းဆင်းလှုပ်ရှား ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ



(၁၃.၁၂.၂၀၁၉)ရက်နေ့ နံနက်(၀၉:၃၀)နာရီတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်စံလွင်သည် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ဒေသဦးစီးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ ပြည်ထောင်စုထောက်ပံ့ရန်ပုံငွေဖြင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်လောင်းမြို့နယ်၊ ထီရီး၊ ထီရီးဗောင်း၊ ဗောင်းပြုံး၊ နောင်တရား၊ နောင်ပီလမ်းခွဲကျေးရွာချင်းဆက်လမ်း ကွန်ကရစ်လမ်း (၄)မိုင် ဖွင့်ပွဲ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး၊ အမှတ်တရစုပေါင်း မှတ်တမ်းဓါတ်ပုံရိုက်ကူးခဲ့ပါသည်။

(၂၀.၁.၂၀၂၀)ရက်နေ့ နံနက်(၀၉:၄၅)နာရီတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်စံလွင်သည် ဒေသဦးစီးအဖွဲ့ဝင်များ၊ ဒိန်းမတ်နိုင်ငံသံအမတ်ကြီးတို့နှင့်အတူ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၊ ဟိုနမ့် ကျေးရွာတွင် သီးနှံအခြောက်ခံစက်ရုံဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပါသည်။





# ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းကျော်(ခ)ဦးအိုက်မိန်း နယ်မြေဒေသကွင်းဆင်းလှုပ်ရှား ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ



ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းကျော်(ခ)ဦးအိုက်မိန်းက နမ့်ဆန်မြို့နယ်၊ တောင်ကျော်ကျေးရွာအုပ်စု အခြေခံပညာအလယ်တန်းကျောင်း၊ ကျောင်းဆောင်သစ်ဖွင့်ပွဲတွင် အဖွင့်အမှာစကားပြောကြားစဉ်



ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းကျော်(ခ)ဦးအိုက်မိန်းက နမ့်ဆန်မြို့နယ်၊ တောင်ကျော်ကျေးရွာအုပ်စု အခြေခံပညာအလယ်တန်းကျောင်း၊ ကျောင်းဆောင်သစ်ဖွင့်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးနေစဉ်



ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းကျော်(ခ) ဦးအိုက်မိန်းက နမ့်ဆန်မြို့၊ တအာင်း(ပလောင်)စာပေနှင့် ယဉ်ကျေးမှု(ဗဟို) ရုံးသစ်ဖွင့်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးနေစဉ်



ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းကျော်(ခ) ဦးအိုက်မိန်းက နမ့်ဆန်မြို့၊ တအာင်း(ပလောင်)စာပေနှင့် ယဉ်ကျေးမှု(ဗဟို) ရုံးသစ်ဖွင့်ပွဲတွင် အမှာစကားပြောကြားနေစဉ်



ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းကျော်(ခ) ဦးအိုက်မိန်းက ပြည်ထောင်စုထောက်ပံ့ရန်ပုံငွေဖြင့် နမ့်ဆန်မြို့နယ်၊ ဇယ်တုံ့ဟုန်းကျေးရွာ ဘုန်းကြီးကျောင်း ဆောက်လုပ်နေမှုအား ကွင်းဆင်းကြည့်ရှုနေစဉ်



ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းကျော်(ခ) ဦးအိုက်မိန်းက ပြည်ထောင်စုထောက်ပံ့ရန်ပုံငွေဖြင့် နမ့်ဆန်မြို့နယ်၊ ဇယ်တုံ့ဟုန်းကျေးရွာ ဘုန်းကြီးကျောင်း ဆောက်လုပ်နေမှုအား ကွင်းဆင်းကြည့်ရှုနေစဉ်

# ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်တယ်ချန် နယ်မြေဒေသကွင်းဆင်းလှုပ်ရှား ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ



ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်တယ်ချန်က မြို့နယ်အရန်မီးသတ် တပ်ဖွဲ့ဝင်များလေ့ကျင့်ရေး (မွမ်းမံ)သင်တန်း အမှတ်စဉ်(၁/၂၀၂၀) သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် အဖွင့်အမှာစကားပြောကြားနေစဉ်



ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်တယ်ချန်က မြို့နယ်အရန်မီးသတ် တပ်ဖွဲ့ဝင်များလေ့ကျင့်ရေး (မွမ်းမံ)သင်တန်း အမှတ်စဉ်(၁/၂၀၂၀) သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် လှည့်လည်ကြည့်ရှုစစ်ဆေးနေစဉ်



ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်တယ်ချန်က လောက်ကိုင်မြို့အတွင်း မီးပွိုင့်တပ်ဆင်နေမှု အခြေအနေများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးနေစဉ်



ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်တယ်ချန်က လောက်ကိုင်မြို့အတွင်း မီးပွိုင့်တပ်ဆင်နေမှု အခြေအနေများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးနေစဉ်



ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်တယ်ချန်က လောက်ကိုင်မြို့အတွင်း ကတ္တရာလမ်းသစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုအား ကွင်းဆင်းကြည့်ရှုစစ်ဆေးနေစဉ်



ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်တယ်ချန်က လောက်ကိုင်မြို့အဝင်ဆိုင်းဘုတ် ဆောင်ရွက်နေမှု လုပ်ငန်းအား ကွင်းဆင်းကြည့်ရှုစစ်ဆေးနေစဉ်

# ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ ဒေသဖွံ့ဖြိုးရေးနှင့် ဒေသတွင်းလူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး လှုပ်ရှားဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ



ကွတ်ခိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ဦးမြင့်လွင်က ရှမ်းပြည်နယ်လွှတ်တော်ရုံး ဝန်ထမ်းများအတွက် ထောက်ပံ့ငွေကျပ် သိန်း(၁၀၀) ပေးအပ်နေစဉ်



နမ့်စန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) ဦးလင်းအောင်ဆွေက (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အားကစားပြိုင်ပွဲတွင် ဆုပေးအပ်မြှင့်နေစဉ်



ကွတ်ခိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ဦးမြင့်လွင်က ကွတ်ခိုင်မြို့နယ် ဒေသဖွံ့ဖြိုးရေးအတွက် အလှူငွေများ ထောက်ပံ့လှူဒါန်းနေစဉ်



နမ့်စန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) ဦးလင်းအောင်ဆွေက နမ့်စန်မြို့မဈေးတွင် မီးဘေးလုံခြုံရေးအတွက် လေ့ကျင့်နေမှုအား ကွင်းဆင်းကြည့်ရှုစဉ်



ကွတ်ခိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ဦးမြင့်လွင်က ကွတ်ခိုင်မြို့နယ် ဒေသဖွံ့ဖြိုးရေးအတွက် အလှူငွေများ ထောက်ပံ့လှူဒါန်းနေစဉ်



ပင်းတယမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ဦးညီညီ(ခ) ဦးညီလေးချမ်းက ပင်းတယမြို့နယ်၊ သိမ်ကုန်းကျေးရွာနှင့် တပ်ကြီးရွာ၊ ကျေးရွာချင်းဆက် ကျောက်ချောလမ်း ဆောင်ရွက်နေမှုအား ကွင်းဆင်းကြည့်ရှု စစ်ဆေးနေစဉ်

# ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ ဒေသဖွံ့ဖြိုးရေးနှင့် ဒေသတွင်းလူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး လုပ်ရှားဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ



နမ့်ဆန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ဦးအောင်ထွဏ်းက လားရှိုးမြို့၊ လမ်းဦးစီးဌာနရုံး၌ပြုလုပ်သော (၂၀၁၉/၂၀၂၀)ဘဏ္ဍာနှစ် လမ်းဦးစီးဌာန တင်ဒါစိစစ်ရွေးချယ်ပွဲတွင် အမှာစကားပြောကြားစဉ်



မိုင်းခတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ဦးအားမဲက မိုင်းခတ်မြို့နယ်၊ မိုင်းညှင်းအုပ်စု ဟုတ်ပုံအုပ်စုနှင့် ဝမ်အွန်အုပ်စုများတွင် တီဘီရောဂါ ကွင်းဆင်းရှာဖွေကုသနေမှုအား မြို့နယ်ဆရာဝန်/ ဆရာမများနှင့် အတူ လိုက်ပါကွင်းဆင်းနေစဉ်



နမ့်ဆန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ဦးအောင်ထွဏ်းက (၂၀၁၉/၂၀၂၀)ဘဏ္ဍာနှစ်တွင် လျှပ်စစ်သွယ်တန်းရေးကိစ္စနှင့် စပ်လျဉ်း၍ ကျောက်ဖြူကျေးရွာ လူထုနှင့် တွေ့ဆုံဆွေးနွေးနေစဉ်



မိုင်းခတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ဦးအားမဲက မိုင်းခတ်မြို့နယ်၊ ဝမ်ခုတ်အုပ်စု၊ ပင်းကွေ့ရွာတွင် လွှတ်တော်ရံပုံငွေမှ ခွဲဝေရရှိသည့် ရေလုပ်ငန်းအတွက် ရေပိုက်များသွားရောက် ပေးအပ်နေစဉ်



နမ့်ဆန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ဦးအောင်ထွဏ်းက ကျောက်ဖြူလေး – ကိုင်တိုင်ကျေးရွာ မြေသားလမ်း ဖောက်လုပ်နေမှုအား ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်



ကလောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ဦးသန်းထိုက်က ကလောမြို့နယ်၊ ဘော်ဆိုင်းဒေသ၊ သတ္တုတူးဖော်ရေးလုပ်ငန်းများတွင် ရောက်ရှိနေသော တရုတ်နိုင်ငံသားများ CORONA Virus ရောဂါပိုး ကြိုတင်ကာကွယ်နိုင်ရန်အတွက် ဌာနဆိုင်ရာများနှင့်အတူ ပူးပေါင်းကွင်းဆင်းနေစဉ်

ထုတ်ဝေသူ-ဒေါ်နန်းမိုခမ်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရှမ်းပြည်နယ်လွှတ်တော်ရုံး၊ ထုတ်ဝေသည့်စောင်ရေ(၃၀၀)